# သမ္မာကျမ်းလာ
# သုံးပါးတစ်ဆူဩဝါဒ

**သင်ခန်းစာ တစ်**

**သုံးပါးတစ်ဆူ မိတ်ဆက်**

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။   ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ

နိဒါန်း ........................................................................................................ 1
မေးခွန်း တစ် ........................................................................................................ 2
မေးခွန်း နှစ် ........................................................................................................ 4
ဘုရားသခင် တစ်လုံးတစ်ဝဖြစ်တော်မူခြင်း ........................................................................ 6
မေးခွန်း သုံး ........................................................................................................ 7
မေးခွန်း လေး ........................................................................................................ 9
ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါးဖြစ်ခြင်း ........................................................................ 12
မေးခွန်း ငါး ........................................................................................................ 12
မေးခွန်း ခြောက် ........................................................................................................ 14
မေးခွန်း ခုနစ် ........................................................................................................ 18
မေးခွန်း ၈ ........................................................................................................ 21
ဘုရားသခင့် တန်းတူညီမျှခြင်း ........................................................................ 23
မေးခွန်း ကိုး ........................................................................................................ 23
မေးခွန်း တစ်ဆယ် ........................................................................................................ 24
မေးခွန်း တစ်ဆယ့်တစ် ........................................................................................................ 28
နိဂုံးချုပ် ........................................................................................................ 32



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## သမ္မာကျမ်းလာ သုံးပါးတစ်ဆူဩဝါဒ

သင်ခန်းစာ တစ် သုံးပါးတစ်ဆူ မိတ်ဆက်

ဝိုင်းဖွဲ့ဆွေးနွေးခြင်း


ပါဝင်သူများ

ဒေါက်တာအူချေးအနီဇော
ဒေါက်တာဆူးခွပ်အက်စ်ဘားတီးယား
ဒေါက်တာ ဂါရက်ကော့ကာရီး
ဒေါက်တာလင်းကိုဟစ်
ဒေါက်တာ ဘရန်ဒန်ဒီကရိုး
ဒေါက်တာဝီလျံအက်ဒဂါ
ဒေါက်တာဂျေစကော့ဟော်ရဲ
သိက္ခာတော်ရ ကလိဟပ်
ဒေါက်တာဒင်းနစ်အီးဂျွန်ဆင်
ပါမောက္ခမူမိုကီဆောင်း
ဒေါက်တာဂျင်မေပယ်လ်
ဒေါက်တာစတိဗ်မက်ကီနီယန်
ဒေါက်တာဂျက်ဖရီမိုး
သိက္ခာတော်ရဗာမွန်ပီယာရီ
သိက္ခာတော်ရပေါ်အာရာဘီး
ပါမောက္ခဘရန်ဒန်ပီရော်ဘင်
ဒေါက်တာသောမတ်စ်အာရှရိုင်းနား
သိက္ခာတော်ရဒေါက်တာဂျပ်စတင်တယ်ရီ
ဒေါက်တာ ကေအီရစ်သော်နီးစ်
ဒေါက်တာဒန်နီယယ်ထရီယာ
ဒေါက်တာကားအာထရူးမင်း
သိက္ခာတော်ရ ဒေါက်တာ ဆိုင်မွန်ဗီးဘာ့
ဒေါက်တာစတီဖင်ဂျေဝယ်လမ်
သိက္ခာတော်ရ ဗယ်လရီဇာဒိုရော့ဇနီ


# နိဒါန်း

ခရစ်ယာန် ဓမ္မပညာဆရာတစ်ဦးအနေဖြင့် သုံးပါးတစ်ဆူအကြောင်း ကျွန်တော် မကြာခဏမေးမြန်းခံရပါသည်။ သုံးပါးတစ်ဆူဩဝါဒ၏ အဓိပ္ပာယ်နှင့် ကျမ်းစာထဲဘယ်လို ရှာတွေ့နိုင်သည်ကို ကျောင်းသားများ သိလိုကြသည်။ သမ္မာကျမ်းထဲ "သုံးပါးတစ်ဆူ" ဝေါဟာရ အမှန်တကယ်မရှိကြောင်း သိရသည့်အခါ သူတို့ အမြဲလို အံ့ဩကြသည်။ သို့တစေ ဤဩဝါဒသည် ခရစ်ယာန်ယုံကြည်ခြင်း၌ လွန်စွာမှ အရေးပါရကား ယင်းကို အတည်မပြုသော အသင်းတော်ကို "ခရစ်ယာန် ဟု မခေါ်ဆိုနိုင်ပါ။ ထို့ကြောင့် ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ရှိကြမှာဖြစ်သလို ကျမ်းစာထဲမတွေ့ရသည့် ဝေါဟာရဖြစ်သည့်တိုင် ကျမ်းစာတလျှောက် "တစ်ဆူတည်းဖြစ်ခြင်း" နှင့် "သုံးပါးဖြစ်ခြင်း" သဘောများကို ကျွန်ုပ်တို့ တွေ့ရသည်။

ယင်းသည် သမ္မာကျမ်းလာ သုံးပါးတစ်ဆူ ဩဝါဒ ဟူသည့် ကျွန်ုပ်တို့၏ စာစဉ်ထဲက ပထမဆုံးသင်ခန်းစာ ဖြစ်ပြီး ၎င်းအား "သုံးပါးတစ်ဆူ မိတ်ဆက်" ဟု ခေါင်းစဉ်ပေးထားပါသည်။ ဤသင်ခန်းစာထဲတွင် ကျွန်ုပ်တို့၏ သုံးပါးတစ်ဆူဘုရား ကျမ်းစာ သွန်သင်ချက်နှင့်စပ်လျဉ်း၍ ခရစ်ယာန်တို့ ဘာတွေယုံကြည်ကြသည်ဆိုသည့်အပေါ်မှာ စူးစိုက်ကြပါမည်။




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## မေးခွန်း တစ်

## ဘုရားသခင်သည် အနှစ်သာရ တစ်ခုတည်းရှိသော်လည်း ပုဂ္ဂိုလ်သုံးပါး ရှိသည်ဟု ခရစ်ယာန်တို့ပြောသည့် အခါ သူတို့ဘာကိုဆိုလိုခြင်း ဖြစ်ပါသနည်း။

"သုံးပါးတစ်ဆူ" စကားလုံးသည် "သုံးပါးပေါင်းစည်းညီညွတ်မှု" (ဝါ) သုံးပါးတစ်လုံးတစ်ဝဖြစ်မှုဟုသာ ပြောလိုရင်းဖြစ်သည်။ ထို့ကြောင့် သုံးပါးတစ်ဆူဩဝါဒအား ယခုလို အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ဘုရားသခင်သည် ဘုရားဇာတိအနှစ်သာရ တစ်ခုတည်း၌ ပုဂ္ဂိုလ်သုံးပါးအဖြစ် ဖြစ်နေ၊ ရှိနေတော်မူသည်။ ဤသဘောအား "သုံးပါးဖြစ်သော" "သုံးပါးညီညွတ်သောဘုရား" ဆိုသည့် ဆက်စပ်ဝေါဟာရများမှာလည်း တွေ့နိုင်သည်။ သို့သော် ဘုရားဇာတိတစ်ခုတည်း၌ ပုဂ္ဂိုလ်သုံးပါး အဖြစ် ဘုရားသခင် ဖြစ်နေ၊ ရှိနေသည်ဟု ဆိုသည့်အခါ ခရစ်ယာန်တို့ ဘာကိုဆိုလိုခြင်း ဖြစ်ပါသနည်း။

### သိက္ခာတော်ရ ဒေါက်တာဂျပ်စတင်တယ်ရီ

သုံးပါးတစ်ဆူဩဝါဒအကြောင်း ကျွန်ုပ်တို့ပြောဆိုကြသည့်အခါ ပုဂ္ဂိုလ်သုံးပါးအဖြစ်တည်နေသည့် တစ်ဆူတည်းသော ဘုရား ကျွန်ုပ်တို့မှာ ရှိနေသည်၊ ပုဂ္ဂိုလ်သုံးပါး၌ ဇာတိသဘာဝတစ်ခုတည်းရှိနေသည် ဆိုသည့် ဂန္ထဝင်ဝေါဟာရ ရှိနေသည်။ ဟုတ်ပါပြီ။ ကျွန်ုပ်တို့ ဘာကို ဆိုလိုခြင်း ဖြစ်ပါသနည်း။ ဟုတ်ကဲ့။ ဘုရားသခင် တစ်ဆူတည်းသာ ရှိသည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ဤအချက်သည် ခရစ်ယာန်တို့ အခိုင်အမာပြောလိုသည့် အလွန်တရာအရေးကြီးသောအချက် ဖြစ်သည်။ သမ္မာကျမ်းတလျှောက် ကျွန်ုပ်တို့ ရရှိထားသော အကြီးဆုံးဖွင့်လှစ်ဖော်ပြချက် ဖြစ်သည်။ ဘုရားတစ်ဆူတည်းသာရှိပါသည်။ သုံးဆူ မရှိပါ။ တစ်ဆူတည်းဖြစ်သော၊ တစ်ဆူတည်းသာရှိသော ဘုရားသခင်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့ ရှာတွေ့သည်မှာ ဤတစ်ဆူတည်းသော ဘုရားသခင်သည် ဘုရားမည်သူ မည်ဝါဖြစ်ကြောင်းကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ပုဂ္ဂိုလ်သုံးပါးတို့အရ ဖွင့်ပြသည်။ ပုဂ္ဂိုလ်သုံးပါးချည်းသက်သက်မဟုတ်၊ ဘုရားသခင်တစ်ဆူတည်း၏ ပုဂ္ဂိုလ်သုံးပါး ဖြစ်သည်။ ထို့ကြောင့် သားတော်ကို စေလွှတ်သည့်ခမည်းတော်၊ အသေခံပြီး ပြန်ရှင်ကာ ခမည်းတော်ထံပြန်ကြွ၍ ဝိညာဉ်တော်ကို စေလွှတ်သော သားတော်သည် ကျွန်ုပ်တို့မှာ ရှိနေသည်။ ထို့ကြောင့် ဘုရားသခင်အား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့ ရှုမြင်နိုင်သည်။ ထိုသို့ဆိုခြင်းသည် ဖန်ဆင်းခြင်းကာလမျှလောက်မှာသာ သူတို့ ရုတ်တရက် အစပြုခဲ့သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ လုံးလုံး မဟုတ်ပါ။ ဖန်ဆင်းခြင်းမတိုင်မီအချိန်ကို ကျွန်ုပ်တို့ ပြန်သွားနိုင်သည်။ ဘုရားသခင်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော ပုဂ္ဂိုလ်သုံးပါး ဖြစ်သည့် တစ်ဆူတည်းသောဘုရားအဖြစ် ရှိထားနှင့်ပြီးသား ဖြစ်သည်။ သို့သော် ဖန်ဆင်းခံ လောကကြီးထဲ ကျွန်ုပ်တို့တွေ့ရသလို ဘုရားသခင်သည် လောကသားများအား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် အဖြစ်ဖြင့် အပြန်အလှန် ထိတွေ့ဆက်ဆံတော်မူပါသည်။ ဘုရားသခင်ကို "အဖ" ဟု ခေါ်ဆိုရန် ကျွန်ုပ်တို့အား ယေရှု သွန်သင်ခဲ့ပါသည်။ ထို့ပြင် သန့်ရှင်းသော ဝိညာဉ်တော်အကြောင်းကိုလည်း ကျွန်ုပ်တို့အား ယေရှုသွန်သင်ခဲ့ပါသည်။ ထို့ကြောင့် ဤအရာကို တိုက်ရိုက်အကျဆုံး နားလည်နည်းမှာ ပုဂ္ဂိုလ်သုံးပါးအဖြစ်၌ ဘုရားသခင် တစ်ဆူတည်းသာရှိခြင်း ဖြစ်သည်။

## ဒေါက်တာဂျက်ဖရီမိုး

ခရစ်ယာန်ဓမ္မပညာတွင် သုံးပါးညီညွတ်သောဘုရား၊ သုံးပါးတစ်ဆူ၊ သုံးပါး၌ တစ်လုံးတစ်ဝ၊ တစ်လုံးတစ်ဝ၌ သုံးပါး စသည်ဖြင့် ဘုရားသခင်အကြောင်း ကျွန်ုပ်တို့ ပြောဆိုကြသည်။ အကြောင်းမှာ ကိုယ်တော်အကြောင်း ကျမ်းစာက ထိုသို့ပြောဆိုထား၍ ဖြစ်သည်။ သုံးပါးတစ်ဆူပုံစံခွက်သာမက မည်သည့်ပုံစံထဲသို့ မဆို ဘုရားကိုထည့်ရန် ကျွန်ုပ်တို့ ကြိုးစားနေခြင်းမဟုတ်ပါ။ သုံးပါးတစ်ဆူဩဝါဒကို မကြိုက်သူ၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်အဖြစ် ဘုရားသခင်ကို နားမလည်သူများစွာက အဆိုပါဝေါဟာရကို ကျမ်းစာက မသုံးထားသည့်အချက်မှ စသောအရာတို့ကို ဇာချဲ့ကြသည်။ သို့သော် အသုံးအနှုန်းနှင့် မဆိုင်ပါ။ အရေးကြီးသည်မှာ ဘုရားသခင်အကြောင်း ကျမ်းစာပြောဆိုချက်နှင့် ညီလျော်သည့်ပုံစံများဖြင့် ဘုရားသခင်အကြောင်း ပြောပြဖို့ ဖြစ်သည်။သို့ဖြစ်၍ "အနှစ်သာရ" နှင့် "ပုဂ္ဂိုလ်" ဆိုသည့် ဝေါဟာရများကို ကျွန်ုပ်တို့စိတ်ကူးရလာကြသည်။ "ကျွန်ုပ်တို့" ဟုဆိုသည့်အခါ ရှေးရှေးကာလကပင် ရှိခဲ့သည့် ဂရိနှင့် လက်တင်စကားလုံးများ သုံးခဲ့သော ခရစ်ယာန်များအကြောင်း ကျွန်ုပ်ပြောနေခြင်း ဖြစ်သည်။ ဥပမာအားဖြင့် သုံးပါးတစ်ဆူအကြောင်း ပြောရန် "ပုဂ္ဂိုလ်" နှင့် "အနှစ်သာရ" စကားလုံးများကို ယခု ကျွန်ုပ်တို့ အသုံးပြုနေကြသည်။ ဘုရားသခင့် ဇာတိအနှစ်သာရသည် တစ်ခုတည်းသာဖြစ်သည်။ သူ၏ ပုဂ္ဂိုလ်ဖြစ်ခြင်းမှာမူ သုံးပါး ဖြစ်သည်။ အဆိုပါအကြောင်းအရာရှိသမျှ မည်သို့ အံဝင်ခွင်ကျဖြစ်နေကြောင်း ကြိုးစားနားလည်ရန်အတွက် ကျမ်းစာထံကျွန်ုပ်တို့ ပြန်သွားပြီး ဘုရားသခင်အား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်အဖြစ် ကျမ်းစာပြောဆိုချက်ကို ရှာရသည်။ ထို့ကြောင့် ပုဂ္ဂိုလ်ဖြစ်သော

ခမည်းတော်အကြောင်း ကျွန်ုပ်တို့ ပြောဆိုရသည်။ ၎င်းသည် ဘုရားသခင်ကို သားတော်အဖြစ် ပြောဆိုသည်။ ၎င်းသည် ဘုရားသခင်ကို သန့်ရှင်းသော ဝိညာဉ်တော်အဖြစ် ပြောဆိုသည်။သမ္မာကျမ်းက အမှန်တကယ် ဘာတွေပြောဆိုထားသည်ကို ကျွန်ုပ်တို့ အစဉ်အမြဲဆန်းစစ်နေသရွေ့ မှန်သောအကန့်အသတ်ဘောင်ထဲမှာကျွန်ုပ်တို့ ရှိနေသည်။ ကျွန်ုပ်တို့အပေါ် ထားသည့် ဘုရားသခင့်မေတ္တာနှင့် ကျွန်ုပ်တို့ထံ ကိုယ်တော် မည်သို့ ရှင်းပြလိုသည်တို့ကို စဉ်းစားလွယ်စေသည့် အသုံးဝင်သော အပြန်အလှန် ပြောဆိုချက်အချို့ ရှိမည်ကို ကျွန်ုပ်တို့ မျှော်လင့်နိုင်ကြသည်။

ဘုရားသခင်၌ ဇာတိအနှစ်သာရ တစ်ခုတည်းသာ ရှိသည်ဟု ကျွန်ုပ်တို့ဆိုသည့်အခါ ကိုယ်တော်သည် ဖန်ဆင်းခံရခြင်းမှလွတ်ကင်းသော ဖန်ဆင်းရှင်တစ်ပါးတည်းဖြစ်ကြောင်း ကျွန်ုပ်တို့ အခိုင်အမာဆိုနေခြင်းဖြစ်သည်။ ရောမ ၁း၂၅ အရ ဖန်ဆင်းခံမဟုတ်သော ဖန်ဆင်းရှင်တစ်ပါးရှိပြီး စကြဝဠာအတွင်းရှိ အခြားအရာရှိသမျှတို့သည် ဘုရားသခင့် ဖန်ဆင်းခြင်း အစီအစဉ်၏ အပိုင်းကဏ္ဍတစ်ခုသာ ဖြစ်သည်။ သုံးပါးတစ်ဆူ ဩဝါဒသည် ဘုရားဇာတိတစ်ပါးတည်း သို့မဟုတ် ဘုရားသခင့် အဖြစ်တော်အတွင်း သုံးပါးတစ်ဆူ၏ ပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည်။

## မေးခွန်း နှစ်

## သုံးပါးတစ်ဆူကဲ့သို့သော ခက်ခဲရှုပ်ထွေးသည့် ဩဝါဒတစ်ခုကို နားလည်ရန် ကျွန်ုပ်တို့ မည်သို့အစပြုနိုင်ပါသနည်း။

သုံးပါးတစ်ဆူသည် ဘုရားသခင်၏ အခက်ခဲအရှုပ်ထွေးဆုံး ဩဝါဒ တစ်ခု ဖြစ်သည်။ တစိတ်တဒေသအားဖြင့် ခြုံငုံနားလည်ဖွယ်ရှိသော်လည်း ကျန်အများစုကို နားမလည်နိုင်ပါ။ သို့မဟုတ် ဓမ္မပညာရှင်များပြောသလို "လျှို့ဝှက်နက်နဲ" သည်။ သို့တိုင်အောင် ၎င်းသည် ကျွန်ုပ်တို့ယုံကြည်ချက်များ၏ အခြေခံအကျဆုံး အုတ်မြစ်တစ်ခု ဖြစ်နေဆဲပင်။ မှန်သောဘုရား တစ်ဆူတည်းကို ကျွန်ုပ်တို့သိလို၊ ကိုးကွယ်လိုပါက သုံးပါးတစ်ဆူဘုရားကို သိရှိကိုးကွယ်ရန်လိုပါသည်။ ထို့ကြောင့် ဤအရာရှိသမျှကို နှလုံးသွင်းလျက် သုံးပါးတစ်ဆူကဲ့သို့သော ခက်ခဲရှုပ်ထွေးသည့် ဩဝါဒတစ်ခုကို နားလည်ဖို့ ကျွန်ုပ်တို့မည်သို့အစပြုနိုင်ကြပါသနည်း။

### ဒေါက်တာဂျင်မေပယ်

သုံးပါးတစ်ဆူလို ခက်ခဲရှုပ်ထွေးသောဩဝါဒတစ်ခုသည် ခရစ်ယာန်ဓမ္မပညာ၏ အခြေခံအုတ်မြစ်တစ်ခု မည်သို့ဖြစ်လာသည် ဆိုသည်မှာ အံ့ဩစရာဖြစ်ပါသည်။ သို့သော် အမှန်စင်စစ် "သုံးပါးတစ်ဆူ" ဝေါဟာရသည် ကျမ်းစာထဲမှာ မပါရှိပါ။ သုံးပါးတစ်ဆူ၏ သဘောတရား၊ အယူအဆ၊ အတွေးအခေါ်သည် ကျမ်းစာထဲတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါရှိနေသည်။ ထို့ကြောင့်

သုံးပါးတစ်ဆူသည် ကြောင်းကျိုးဆင်ခြင်မှုဖြင့် မရောက်ရှိနိုင်သော ဩဝါဒတစ်ခုဖြစ်သည်။ ၎င်းသည် အများပြောသလို ကြောင်းကျိုးမသင့်သည်လည်း မဟုတ်၊ သို့သော် ဗျာဒိတ်ဖွင့်လှစ်ဖော်ပြချက်အရသာ ဖြစ်ပေါ် နိုင်၊ သိကျွမ်းနိုင်သော ဩဝါဒတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့ထံ ဘုရားသခင်ဖော်ပြချက် သက်သက်အားဖြင့်သာ ဤအရာကို ကျွန်ုပ်တို့နားလည်လာရသည်။ဖန်ဆင်းခြင်း၊ လူ့ဇာတိခံယူခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ရွေးနုတ်ခြင်း၊ သန့်ရှင်းခြင်းတို့လို သမ္မာကျမ်းစာ အဓိက အပိုင်းများနှင့် ဩဝါဒများထဲမှာ သုံးပါးတစ်ဆူ၏ လုပ်ဆောင်ချက် ပေါ်ပေါက်နေသည်။ ကျွန်ုပ်တို့အခေါ် "ကယ်တင်ခြင်း၌ လက်တွေ့ လုပ်ဆောင်ချက်ဆိုင်ရာ သုံးပါးတစ်ဆူ" သည် နေရာကဏ္ဍမျိုးစုံမှာ လုပ်ငန်းလုပ်ဆောင်တော်မူနေကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ သို့ဖြစ်၍ အခြားအခြားသော ဩဝါဒများကို နားလည်ခြင်းသည် ခရစ်ယာန်ဓမ္မပညာ၏ သော့ချက်ဖြစ်သော်လည်း ယင်းတို့ကို စုစည်းအဓိပ္ပာယ်ရှိစေသည့် အရာမှာ လူ့ဆင်ခြင်တုံတရား၊ အသိဉာဏ်အားဖြင့် မဟုတ်ဘဲ ဘုရားသခင့် ဖွင့်ပြချက်သက်သက်ဖြင့်သာ ကျွန်ုပ်တို့ထံရောက်ရှိလာသော သုံးပါးတစ်ဆူကို နားလည်ခြင်းပင် ဖြစ်သည်။ လူများစွာအတွက် ယင်းသည် ကြောင်းကျိုးမသင့်သလို ဖြစ်နေသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ခရစ်ယာန်ဓမ္မပညာ၏ ဤမျှလောက် အခရာကျသောအပိုင်းကို နားလည်ရန်အတွက် ဘုရားသခင့်ဗျာဒိတ်တော်ကို သူတို့ မကြည့်ကြ၍ ဖြစ်သည်။

## ဒေါက်တာ ဆွပ်ခွပ်အက်စ်ဘားတီးယား

မည်သူမဆို သုံးပါးတစ်ဆူသဘောကို နားလည်လိုပါက ဘုရားသခင်အကြောင်း သဘောအယူအဆနှင့် စသင့်သည်ဟု ကျွန်ုပ်အမြဲပြောလေ့ရှိပါသည်။ ပထမဦးစွာ ဘုရားသခင်ကို သူတို့ နားလည်ဖို့ လိုပါသည်။ ယေရှုခရစ်၏ ပါဝင်သော အခန်းကဏ္ဍ၊ ဆင်းကြွလာသည့် အကြောင်းရင်းတို့ကို နားလည်ရပါမည်။ ထိုမှတဆင့် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာမည့်အကြောင်း သူပြောရသည့် အကြောင်းရင်းဆီ ဆက်သွားရပါမည်။ ထို့ကြောင့် ယင်းသည် သုံးပါးတစ်ဆူဩဝါဒကို လျောက်ပတ်စွာ နားလည်ခြင်း ဖြစ်သည်။ ထိုအတွက် သမ္မာကျမ်းစာကို သင်နားလည်ဖို့ လိုပါသည်။ ယင်းကို သင်အနက်ဖွင့်ဖို့၊ လေ့လာဖို့ လိုပါသည်။ "အိုး၊ သုံးပါးတစ်ဆူဆိုတာ ရေဖွဲ့စည်းပုံနဲ့တူတာပေါ့" ဆိုသည့် သာဓကတစ်ခုနှင့် တစ်ဦးဦးကို အဆောတလျင် ကျွန်ုပ် အဖြေ မပေးနိုင်ပါ။ ယင်းသည် အိပ်ချ်တူးအို ဆိုသည့် ရေလို ဖြစ်သည်။ အခဲပုံစံ၊ အရည်ပုံစံ၊ အငွေ့ပုံစံ တည်နိုင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

> ထို့ကြောင့် ၎င်းသည် အနှစ်သာရ တစ်ခုတည်းမှာ မတူကွဲပြားသော ပုံစံများဖြင့် ရှိနေသည်။ ကောင်းပါပြီ။ ဤသို့သော အဖြေမျိုးကို သူတို့မလိုချင်ပါ။ အကြောင်းမှာ ကျွန်ုပ်ကလည်း သူတို့ဉာဏ်နှင့် စဉ်းစားဖို့ ပြောနေခြင်းမဟုတ်၍ပါ။ ၎င်းသည် နှလုံးသားက ဝန်ခံရသည့် ကိစ္စမျိုးဖြစ်သည်။ ထို့ကြောင့် သူတို့အတွက် ဤသဘောနားလည်ရန်ဆိုပါက ကျွန်ုပ်တို့၏ တွေးခေါ်ခြင်း၊ နားလည်ခြင်း နှင့် ဤသဘောကို ကျွန်ုပ်နားမလည်နိုင်မီ သန့်ရှင်းသော ဝိညာဉ်တော်က ဤသဘောအား ကျွန်ုပ်တို့ဘဝမှာ လက်တွေ့အသုံးချမှုတို့အပေါ် သမ္မာကျမ်းစာက ထိန်းချုပ်ရပါမည်။ ထို့ကြောင့် အဆောတလျင်ဖြေရှင်း၊ အဖြေပေးသည့်ကိစ္စမျိုး မဟုတ်ပါ။

သုံးပါးတစ်ဆူ မိတ်ဆက်ခြင်းကို ဆက်သွားရင်း အရေးပါသော အကြောင်းအရာသုံးခုကို ကျွန်ုပ်တို့ ပိုမိုအတွင်းကျကျ လေ့လာကြပါမည်။ ပထမဦးစွာ ဘုရားသခင်တစ်ဆူတည်းဖြစ်ကြောင်း ကျမ်းစာဖော်ပြချက်ကို လေ့လာဖော်ထုတ်ကြပါမည်။ ဒုတိယအားဖြင့် သုံးပါးဖြစ်ခြင်းအကြောင်း ကျမ်းစာသွန်သင်ချက်ကို ကျွန်ုပ်တို့လေ့လာကြပါမည်။ တတိယအားဖြင့် ဘုရားသခင်ဇာတိအဖြစ်တော်၏ ပုဂ္ဂိုလ်များ တန်းတူညီမျှကြကြောင်းကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ဘုရားသခင်သည် တစ်လုံးတစ်ဝ ဖြစ်တော်မူကြောင်းနှင့်အစပြုကြပါစို့။

# ဘုရားသခင် တစ်လုံးတစ်ဝဖြစ်တော်မူခြင်း

ဘုရားသခင်၏ တစ်လုံးတစ်ဝ ဖြစ်မှုကို ကျွန်ုပ်တို့ပြောဆိုသည့်အခါ "ဘုရားသခင့် ဇာတိအဖြစ်တော်" အကြောင်းကို ကျွန်ုပ်တို့ အမြဲပြောဆိုခြင်း ဖြစ်သည်။ အရာရာတိုင်းက ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့ကို ပေါင်းစည်း ညီညွတ်ထားကြောင်း သို့မဟုတ် ထိုပုဂ္ဂိုလ်အားလုံးမှာ အရာရာ တူညီနေသည့်အတွက် တစ်ဆူတည်းဖြစ်ကြောင်း၊ တူညီကြောင်း၊ တန်းတူညီမျှကြောင်း ကျွန်ုပ်တို့ ပြောလိုရင်းဖြစ်သည်။ သုံးပါးတစ်ဆူဩဝါဒအတွင်း ဘုရားသခင့် တစ်လုံးတစ်ဝဖြစ်မှုအကြောင်း ဤသဘောပေါက်မှုသည် ရှေမာဟု အသိများကြသည့် ဓမ္မဟောင်း ဝန်ခံချက်ထဲက ပေါ်ထွက်လာခဲ့သည်။ တရား ၆း၄ ကို ကျွန်ုပ်တို့ဖတ်လျှင် ရှေမာကို ကျွန်ုပ်တို့ တွေ့ရသည်။

> အို ဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင် ထာဝရ ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရားသခင် ဖြစ်တော်မူ၏ (တရား ၆း၄)။

"တစ်ဆူ" ဟု ပြန်ဆိုသော ဟေဗြဲစကားလုံး *အီခပ်ဒ်* အား များသောအားဖြင့် ကိန်းဂဏန်း တစ် အဖြစ် နားလည်တတ်ကြသည်။ ဤနေရာတွင် ဘုရားသခင်သည် ကိန်းဂဏာန်းအရေအတွက်အရ

တစ်ဆူ တည်းဖြစ်သည် ဟု ဆိုလိုသည်။ ထို့ကြောင့် ဘုရားသခင်သည် တစ်ခုတည်းသော အနှစ်သာရ ရှိသည်ဟု ကျွန်ုပ်တို့ ပြောဆိုသည့်အခါ ဘုရားသခင်သည် တစ်ဆူတည်းသာလျှင် ရှိတော်မူသည်ဟု ကျွန်ုပ်တို့အခိုင်အမာဆိုကြခြင်းဖြစ်သည်။ ကိုယ်တော်မှလွဲ၍ အခြားမည်သူမျှ မရှိပါ။

## မေးခွန်း သုံး

### ဘုရားသခင်သည် တစ်ဆူတည်းဖြစ်သည်ဟု ခရစ်ယာန်တို့၏ ပြောဆိုရာတွင် ဘာကို သူတို့ဆိုလိုပါသနည်း။

ဓမ္မဝေါဟာရအားဖြင့် ဆိုရလျှင် ဘုရားသခင်သည် ဝိညာဉ်တစ်ပါးတည်း၊ ဖြစ်တည်မှုတစ်ခုတည်း၊ သဘာဝတစ်ခုတည်း၊ ဇာတိအဖြစ်တော်တစ်ခုတည်း သို့မဟုတ် ဘုရားဖြစ်မှုတစ်ခုတည်း ရှိကြောင်း ကျွန်ုပ်တို့ ပြောဆိုနေခြင်းဖြစ်ပါသည်။ အဆိုပါ ဝေါဟာရတို့ကို ယောဟန် ၄း၂၄၊ တမန်တော် ၁၇း၂၉၊ ရောမ ၁း၂၀၊ ကော ၂း၉ တို့တွင် တွေ့ရှိရသည်။ ဆုံးစမဲ့ တည်ရှိနေသည်ဖြစ်၍ ကိုယ်တော်သည် ထာဝရ လည်း ဖြစ်ပါသည်။ ထာဝရအရှင် ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါးအဖြစ် တည်ရှိတော်မူကြောင်း ကျွန်ုပ်တို့ ယုံကြည်ကြစေကာမူ ဘုရားသခင်သည် ဇာတိသဘာဝသုံးပါးအနေနှင့် တည်တော်မမူ၊ အနှစ်သာရ တစ်ပါးတည်း၌သာတည်တော်မူသည် ဆိုသည့်ကျမ်းစာအခြေခံသွန်သင်ချက်သည် ဤအချက်ကြောင့် မပြောင်းလဲသွားပါ။ ခရစ်ယာန်တို့သည် ဘုရားများစွာကို ယုံကြည်သော ဘုရားအများ ကိုးကွယ်သူများမဟုတ်ကြဘဲ တစ်ဆူတည်းသောဘုရားကိုသာ ယုံကြည်သည့် ဘုရားတစ်ဆူတည်းကိုးကွယ်သူများ ဖြစ်ကြောင်းပြောလိုရင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် တစ်ဆူတည်းဖြစ်သည်ဟု ခရစ်ယာန်တို့ပြောဆိုကြသည့်အခါ သူတို့ဘာကိုဆိုလိုကြပါသနည်း။

#### သိက္ခာတော်ရ ကလိဟပ်

ဘုရားသခင်သည် "တစ်ဆူတည်း" ဟု ဓမ္မပညာရှင်တို့ ပြောဆိုကြသည့်အခါ ဘုရားအဆူ မည်မျှရှိသည့်အကြောင်း သူတို့ပြောနေခြင်း ဖြစ်သည်။ "ဇာတိသဘာဝအားဖြင့် ဘုရားတစ်ဆူတည်းရှိပြီး ထိုဇာတိသဘာဝတစ်ပါးတည်း သည်လည်း ဘုရားသခင်ဖြစ်သည်" ဆိုသည်မှာ အမှန်အားဖြင့် "အို ဣသရေလအမျိုး နားထောင်လော့၊ ငါတို့၏ ဘုရားသခင် ထာဝရ ဘုရားသည် တစ်ဆူတည်းသောဘုရားသခင် ဖြစ်တော်မူ၏" ဆိုသည့် ဓမ္မဟောင်း *ရှေမာ* မှ ဖြစ်သည်။ ထို့ပြင် ဘုရားသခင့် အဖြစ်တော်သည် ထာဝရတည်ပြီး ဖန်ဆင်းခံလည်း မဟုတ်သောကြောင့် ထို့ထက်ပို၍ ဘာများ ရှိနိုင်ပါအံ့နည်း။ ဘုရားသခင်သည် တစ်ဆူတည်း ရှိတော်မူပါသည်။

## သိက္ခာတော်ရ ဒေါက်တာ ဆိုင်မွန် ဗီးဘာ့

ဘုရားသခင်သည် "တစ်ပါးတည်း" "တစ်ဆူတည်းသော ဘုရားသခင်" "တစ်ဆူတည်းသာ ရှိတော်မူသော ဘုရားသခင်" ဟု ခရစ်ယာန်တို့ ပြောဆိုကြသည့်အခါ ဘုရားဟူသည် တစ်ဆူတည်းသာ ရှိသည်ဟု သူတို့ပြောလိုရင်းဖြစ်သည်။ဘုရားသခင်သည်သာလျှင် အဆုံးစွန်အားဖြင့် အလုံးစုံတန်ခိုးရှိပြီး ကိုယ်တော်သာလျှင် စစ်မှန်သော ဘုရားဖြစ်သဖြင့် အခြားသောဘုရားရှိသည်ဆိုပါကလည်း အမှန်စင်စစ် ဘုရားမဟုတ်သည်တို့သာ ဖြစ်သည်ဆိုသည့်အယူအဆနှင့် ဓမ္မဟောင်းက လုံးထွေးနေရပုံပေါက်သည်။ ဆိုလိုသည်မှာ ခရစ်ယာန်တို့သည် ဘုရားတစ်ဆူကိုသာကိုးကွယ်သူများ ဖြစ်ကြသည်။ တစ်ဆူတည်းသော ဘုရားသခင်၌ သူတို့ယုံကြည်ကြသည်။ ဘုရားသခင်အား ပုဂ္ဂိုလ်သုံးပါးလည်းဖြစ်၊ တစ်ဆူတည်းလည်း ဖြစ်ကြောင်း ကျွန်ုပ်တို့ ဖော်ပြသည့်အခါတိုင်း ဘုရားသခင် တစ်ဆူတည်း ရှိသည်ဆိုသည့်အချက်မှ ကျွန်ုပ်တို့ သွေဖည်မသွားပါ။ ဘုရားသခင်သည် တစ်ဆူတည်း ရှိသည်။ သူ့မေတ္တာကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဟူသည့် ပုဂ္ဂိုလ်သုံးပါး၌ ဖော်ပြသည့် ဘုရားသခင် ဖြစ်ပါသည်။ သို့သော် ဘုရားသခင်တစ်ဆူတည်း၌သာ ကျွန်ုပ်တို့ယုံကြည်ကြသည်။

## ဒေါက်တာဂျေစကော့ဟော်ရဲ

ဟုတ်ပါပြီ။ ဘုရားသခင်သည် တစ်ဆူတည်းဟု ကျွန်ုပ်တို့ယုံကြည်ချက်ကို ပြောဆိုသည့်အခါ ကျွန်ုပ်တို့သည် ဘုရားတစ်ဆူကိုသာ ကိုးကွယ်သူများ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ဘုရားသည် တစ်ဆူတည်းသာရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ကမ္ဘာဦး အခန်းကြီး ၁ သို့ပြန်သွားပါက အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးမှစ၍ အရာရာကို ဖန်ဆင်းတော်မူကြောင်း တွေ့ရသည်။ ထို့ကြောင့် ဘုရားသခင်သည် တစ်ဆူတည်း ရှိတော်မူသည်။ ထို့နောက် မောရှေ၏ ပဉ္စတ္တိငါးကျမ်းကို ဆက်လေ့လာသည့်အခါ တရား ၄း၃၉ နှင့် အခြားကျမ်းချက်များတွင် ထိုအကြောင်းကို ထပ်တလဲလဲ တွေ့ရသည်။ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းသော ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရားသခင်ဖြစ်တော်မူသည်။ထို့ကြောင့် ဣသရေလတို့၏ "အို၊ ဣသရေလအမျိုး၊ နားထောင်လော့။ သင်၏ ဘုရားသခင် ထာဝရဘုရားသခင်သည် တစ်ဆူတည်းသောဘုရားသခင် ဖြစ်တော်မူ၏" ဟူသော ကြီးမြတ်သည့် ရှေမာသည် အရာအားလုံးတို့၌ အလွန်အရေးပါသည့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ကျမ်းစာသားပင်ဖြစ်သည်။ထို့ပြင် "တစ်ဆူတည်း" ဆိုသည့် ထိုဟေဗြဲစကားလုံးငယ် *အီခပ်ဒ်* ကို အကြိမ် ၉၆၀ ကျော် အသုံးပြုထားသည်။ ၎င်းသည် "တစ်ဆူတည်း" ဟူသော ကျမ်းစကားလုံးအတွက် အဓိက ဝေါဟာရ ဖြစ်သည်။ သို့သော် အချို့အုပ်စုတို့ ပြောချင်နေကြသကဲ့သို့ ၎င်းသည် ဘုရားသခင်ကို ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖယ်ကြဉ်ထားခြင်းမရှိပါ။ ဣသရေလလူရှိသမျှတို့သည် *လူတစ်ဦး* ကဲ့သို့ ရောက်လာကြောင်း၊ သို့မဟုတ် အာဒံနှင့် ဧဝတို့သည် *တဦးတည်း*၊ သို့မဟုတ် စပျစ်သီးအပြွတ်လိုက်ပါသောအခိုင် *တစ်ခိုင်* စသည်ဖြင့် အီခဒ် အား အကြိမ်များစွာ အသုံးပြုထားကြသည်။ ၎င်းအား ထိုနည်းနှင်နှင် အကြိမ်များစွာ အသုံးပြုထားသည်။ ဓမ္မသစ်ကျမ်းတွင်လည်း ယေရှု အကြိမ်ကြိမ် ဖော်ပြသကဲ့သို့ ဖြစ်သည်။ ဘုရားသခင်သည် တစ်ဆူတည်းဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ကြသည်။ သို့သော် အာဒံနှင့် ဧဝတို့ကို သို့တည်းမဟုတ် ပထမဆုံး လူယောက်ျားနှင့် လူမိန်းမတို့အား "တစ်သားတစ်ကိုယ်တည်းအဖြစ်" ဖန်ဆင်းခဲ့ကြောင်း ကိုယ်တော်ပြောဆိုခဲ့သည်။ အလားတူ အသုံးအနှုန်းမျိုးကို တဖန် ပြန်တွေ့ရခြင်း ဖြစ်သည်။ ကိုယ်တော်သည် တစ်ပါးတည်းဖြစ်သည်၊ သို့သော် သီးသန့်အထီးကျန်နေသည့် ဘုရားတစ်ပါး ဆိုသည့် သဘောမျိုး မရှိပါ။ ပေါင်းစည်းညီညွတ်မှု၌ အများကိန်း ရှိသည့် ဘုရားဖြစ်သည်။ ၎င်းသည် ဓမ္မသစ်အတွင်းသို့ ဆက်လက်စီးဆင်းဝင်ရောက်ပြီး ဘုရားသခင်သည် တစ်ဆူတည်းဖြစ်ကြောင်း ထပ်မံဖော်ပြသည်။

## မေးခွန်း လေး

## ဘုရားသခင်၏ ရိုးရှင်းမှုဩဝါဒကို ဓမ္မပညာရှင်များ မည်သို့ ရှင်းပြကြပါသနည်း။

ဘုရားသခင်သည် တစ်ဆူတည်းဖြစ်သောကြောင့် ကိုယ်တော်သည် တစ်ပါးတည်းသော ဘုရားဇာတိရှိကြောင်း ကျွန်ုပ်တို့ သိနိုင်သည်။ ကိုယ်တော်သည် ရုပ်ဝတ္ထုဖွဲ့စည်းမှုတစ်ခု မဟုတ်ပါ။ ထို့ကြောင့် အပိုင်းမျိုးစုံဖြင့် ကိုယ်တော်ကို မဖွဲ့စည်းထားပါ။ မတူခြားနားသည့် ဒြပ်စင်များ၊ အစိတ်အပိုင်းများ၏ အရောအနှောတစ်ခုလည်း မဟုတ်ပါ။ ဓမ္မပညာရှင်များသည် ဘုရားသခင့် တစ်လုံးတစ်ဝဖြစ်ခြင်း ရှုထောင့်အား ဘုရားသခင့် "ရိုးရှင်းမှု" အဖြစ် မကြာခဏ ရည်ညွှန်းကြသည်။ ဘုရားသခင်၏ ရိုးရှင်းခြင်း ဩဝါဒအရ ဘုရားသခင့် ဖြစ်တည်မှုသည် အရောအနှောတစ်ခု မဟုတ်သလို အပိုင်းပိုင်းခွဲစိတ်နိုင်သည်မျိုးလည်း မဟုတ်ကြောင်း ပြောလိုရင်း ဖြစ်သည်။ ၎င်းသည် ဘုရားသခင် "တစ်ဆူတည်း" ဖြစ်ကြောင်း ဖော်ပြရာ တရား ၆း၄ လိုကျမ်းချက်များမှာ အစပြုသည်။ ၎င်းသည် "ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏" ဟု ဖော်ပြရာ ယောဟန် ၄း၂၄ လိုကျမ်းပိုဒ်များ၌

အထွတ်အထိပ်ရောက်သည်။ ဝိညာဉ်ဖြစ်သောကြောင့် ကိုယ်တော်ကို စိတ်ဖြာ၍ မရနိုင်ပါ။ ဘုရားသခင်၏ ရိုးရှင်းမှုဩဝါဒကို ဓမ္မပညာရှင်များ မည်သို့ ရှင်းပြကြပါသနည်း။

### ပါမောက္ခ ဘရန်ဒန်ပီရော်ဘင်စ်

ဓမ္မပညာရှင်တို့သည် ဘုရားသခင်၏ ရိုးရှင်းခြင်းအကြောင်းကို မကြာခဏပြောဆိုကြသည်။ ယင်းသည် ဘုရားသခင်၌ ခက်ခဲရှုပ်ထွေးခြင်းကင်းသည်ဟု ပြောလိုရင်းဖြစ်သည်။ ဘုရားသခင်ကို အစိတ်အပိုင်းများနှင့် မဖွဲ့စည်းထားပါ။ ကျွန်ုပ်တို့သည် အကန့်အသတ်ရှိ ဖန်ဆင်းခံများ ဖြစ်ကြရကား တစ်ချိန်မှာ တစ်ခုအကြောင်းကိုသာ ကျွန်ုပ်တို့ပြောဆိုနိုင်သည့် အနေအထားရှိသည်။ ထို့ကြောင့် ဘုရားသခင်ကို ဖော်ပြရန် တစ်ခါတစ်ရံ ကွဲပြားသောဝေါဟာရများကို ကျွန်ုပ်တို့ သုံးကြရသည်။ ကိုယ်တော်သည် အလုံးစုံတတ်စွမ်းနိုင်ကြောင်း၊ အလုံးစုံသိကြောင်း ကျွန်ုပ်တို့ပြောဖို့လိုအပ်သည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်ကြောင်း၊ သနားကရုဏာရှင်ဖြစ်ကြောင်း၊ တရားမျှတတော်မူကြောင်းဖော်ပြချက်များကဲ့သို့ မတူညီသည့် ဂုဏ်တော်များရှိကြောင်းကိုလည်း ကျွန်ုပ်တို့ပြောရမှာဖြစ်သည်။ သို့သော် ကိုယ်တော်သည် "ရိုးရှင်းတော်မူသည်" ဟု ကျွန်ုပ်တို့ ပြောဆိုသည့်အခါ ကျွန်ုပ်တို့စဉ်းစား၍ပင်မရနိုင်လောက်သည့်ပုံစံဖြင့် တစ်ချိန်တည်းမှာ တစ်ပါးတည်းဖြစ်နေသည်ဟု ဆိုလိုသည်။ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းသည် သူ၏ ကရုဏာပင်ဖြစ်သည်။ သူ၏တရားမျှတတော်မူခြင်းသည်လည်း ကျေးဇူးတရားဖြစ်နေသည်ကို သင်သိပါသည်။ ကိုယ်တော်သည် လုံးလုံးလျားလျား ရိုးရှင်းပြီး ကျွန်ုပ်တို့လို အင်္ဂါတစ်ခုချင်းစီဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသူ မဟုတ်ပါ။ ကိုယ်တော်မှာ လက်များ၊ ခြေများကဲ့သို့သော အရာမျိုးများ မရှိသလို ကွဲပြားခြားနားသော အပိုင်းအကန့်များလည်း မရှိပါ။ ကိုယ်တော်၏ ဖြစ်တည်မှုသည် ရိုးရှင်းပါသည်။

### ဒေါက်တာ ဝီလျံအက်ဒ်ဂါ

ရိုးရှင်းခြင်းဩဝါဒအပေါ် ရာစုနှစ်များစွာ သဘောကွဲလွဲခဲ့ကြသည်။အဓိပ္ပာယ်အား ကျွန်ုပ်ဖော်ပြနိုင်သလိုဆိုပါက ကိုယ်တော်သည် တစ်ခုတည်းသော ဖြစ်တည်မှုအမျိုးအစား ဖြစ်သည်။ ကိုယ်တော်၏ ပြင်ပရှိ မည်သည့်အရာကိုမျှ ကိုယ်တော်ဆီသို့ ထပ်ပေါင်းထည့်ခြင်း မရှိပါ။ ကိုယ်တော်သည် ဖွဲ့စည်းခြင်းကင်းသည်။ ကိုယ်တော်သည် ဓမ္မပညာရှင်အချို့ယူဆသည့်ပုံစံလို အပိုင်းအစများစုစည်းပေါင်းထည့်ထားသည့် အတွဲတစ်ခု မဟုတ်ပါ။ သမ္မာကျမ်းစာက ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်သည်ဟု ဆိုထားသည်။

> နာမ်ဝိညာဉ်တစ်ပါးဆိုသည်မှာ ဖွင့်ဆိုချက်အရ ရိုးရှင်းသောသတ္တဝါဖြစ်ပြီး ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ခက်ခဲရှုပ်ထွေးခြင်းမရှိပါ။ နတ်ဘုရားများစွာတို့ စုပေါင်းထားချက်လည်း မဟုတ်ပါ။ တဖန် ဘုရားသခင်သည် သန့်စင်ကြောင်း ဆိုလိုသဖြင့် အဆုံးသတ်ဆိုရလျှင် ဤအရာသည် ကျွန်ုပ်တို့အတွက် အလွန်ပင်နှစ်သိမ့်မှုပေးစွမ်းသောဩဝါဒပင် ဖြစ်သည်။ ကိုယ်တော်သည် သူဖွဲ့စည်းထားသည့်အရာများ သို့မဟုတ် သူဖြစ်တည်မှုတွင်းသို့ ထည့်သွင်းထားသည့် အရာဝတ္ထုများ၏ အရောအနှော တစ်ခုမဟုတ်ပါ။ ကိုယ်တော်သည် သူဖြစ်သည့်အတိုင်းဖြစ်တော်မူသည်။ မောရှေသို့ ကိုယ်တိုင်ဖွင့်လှစ်ဖော်ပြရာ ထင်ရှားသည့်ကျမ်းပိုဒ်တွင် "ငါဖြစ်သည့်အတိုင်း ငါဖြစ်၏" ဟု ဆိုထားသည်။ "ငါသည်အောက်ပါ ရှိသမျှအရာတို့ဖြစ်သည်" ဟု ကိုယ်တော်မဆိုခဲ့ပါ။ သို့သော် ကိုယ်တော်သည် သူဖြစ်သည့်အတိုင်း ဖြစ်နေပေသည်။ သို့ဖြစ်၍ ကိုယ်တော်၏ ရိုးရှင်းခြင်းသည် အလွယ်သဘော မဆောင်ပါ။ စိတ်ဝင်စားမှု၊ အကြံအစည်ရှိမှု၊ ပုဂ္ဂိုလ်သဘာဝရှိမှု၊ ချစ်ခြင်းမေတ္တာ သို့မဟုတ် ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံခြင်း မရှိပါဟု ဆိုလိုရာမရောက်ပါ။ ကိုယ်တော်၏ အဖြစ်တော်သည် အစိတ်အပိုင်းမျိုးစုံ ပေါင်းထည့်ချက်တစ်ရပ်မဟုတ်ဟု ပြောလိုရင်းဖြစ်သည်။ ကိုယ်တော်သည် ဝိညာဉ်သန့်သန့် ဖြစ်သည်။

### ဒေါက်တာအီရစ်သော်နီး

> ဘုရားသခင့် ဇာတိအဖြစ်တော်၏ ရိုးရှင်းမှုသည် ကိုယ်တော်၏ ဂုဏ်တော်များ ပေါင်းစည်းညီညွတ်ကြောင်းကို ဖော်ပြသည့် နောက်ထပ်နည်းလမ်းတစ်ခု ဖြစ်သည်။ ဘုရားသခင်၌ ကွဲပြားမှုမရှိ၊ ပဋိပက္ခမရှိ၊ သဘောကွဲလွဲမှုမရှိပါ။ ကိုယ်တော်၏ ဖြစ်ခြင်းနှင့် လုပ်ခြင်းမှန်သမျှ၌ အပြည့်အဝအစုံအလင် ညီညွတ်မှုရှိပါသည်။ ကိုယ်တော်၌ အမျက်တော်နှင့် ကျေးဇူးတော်အကြား မည်သည့်ပဋိပက္ခ ဝိရောဓိမျိုးမျှ မရှိပါ။ အမျက်တော်ထွက်နိုင်ရန်အလို့ငှာ ကျေးဇူးတော်ကို ပိတ်ပင်ထားလိုက်သည့်အဖြစ်မျိုး မရှိပါ။ ဂုဏ်တော်ရှိသမျှသည် အချိန်တိုင်းမှာ စုံလင်ပြည့်ဝစွာ၊ လုံးလုံးလျားလျား အမှီအခိုကင်းရှင်းစွာ သက်ဝင်လှုပ်ရှားနေပါသည်။ ထို့ကြောင့် ကိုယ်တော်သည် မိမိ၏ ဖြစ်ခြင်း၌ စုံလင်ပြည့်ဝစွာ ညီညွတ်နေပါသည်။

ကျွန်ုပ်တို့ တွေ့မြင်နိုင်သလိုပင် ခရစ်ယာန်တို့သည် ဘုရားတစ်ဆူတည်းကို ကိုးကွယ်သူယုံကြည်သူများ ဖြစ်ကြသည်။ ဘုရားသခင်တစ်ဆူတည်း ရှိတော်မူကြောင်းအာဖြဟံကို လက်ခံယုံကြည်သော အခြားဘာသာအယူဝါဒများနှင့် ကျွန်ုပ်တို့ သဘောတူညီကြပါသည်။ အခြားသောသူမရှိပါ။ သို့သော် ခရစ်ယာန်ယုံကြည်ခြင်းတရားတွင် အလွန်တရာ

ထူးခြားသည့်အရာတစ်ခု ရှိနေပါသည်။ ဘုရားသခင်၌ ဇာတိအနှစ်သာရ တစ်ပါးတည်းသာရှိကြောင်း ကျွန်ုပ်တို့ ယုံကြည်ကြသည်။ သို့ရာတွင် ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါး၌ ထာဝရတည်တော်မူကြောင်းကိုလည်း ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။

ဤသုံးပါးတစ်ဆူမိတ်ဆက်တွင် ဘုရားသခင်၏ တစ်လုံးတစ်ဝဖြစ်ခြင်းအကြောင်း ဓမ္မဟောင်းဝန်ခံချက်နှင့် သုံးပါးတစ်ဆူဩဝါဒ မည်သို့အစပြုခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ သို့သော် ဘုရားသည် ပုဂ္ဂိုလ်အနေဖြင့်သုံးပါးရှိသည်ဟူသော ဓမ္မသစ်ဝန်ခံချက်၌ ဩဝါဒပြီးပြည့်စုံလာမှု မည်သို့ အထွတ်အထိပ် ရောက်လာသည်ကို လေ့လာကြည့်ကြပါစို့။

# ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါးဖြစ်ခြင်း

ရှင်မဿဲ ၂၈း၁၉ ပါ မဟာစေခိုင်းချက်၌

> သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့ဟု မိန့်ဆိုခဲ့သည်။

ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါးဖြစ်ကြောင်း ဤအရာသည် သာဓကတစ်ခုမျှသာ ဖြစ်သည်။ ဘုရားသခင်၏ မြင့်မြတ်သန့်ရှင်းသည့် ဧကဝုစ်ကိန်း နာမတော်ဖြစ်သည့် ထာဝရဘုရား ရာဝေး အား သုံးပါးတစ်ဆူ၏ အလုံးစုံပုဂ္ဂိုလ်သုံးပါး ဖြစ်ကြသည့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် အဖြစ်ဖော်ပြရန် တပည့်တော်များကို ယေရှုသွန်သင်ခဲ့သည်။ ထို့ပြင် ဤဧကဝုစ်ကိန်းနာမတော်၌ ကိုယ်တော်၏ နောက်လိုက်တို့သည် တပည့်တော်ဖြစ်စေပြီး ဗတ္တိဇံကိုပေးကြရမည်ဖြစ်သည်။

### မေးခွန်း ငါး

### ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါး၌ တစ်လုံးတစ်ဝဖြစ်သည့်အကြောင်း ဓမ္မသစ်တွင် မည်သည့်ကျမ်းပိုဒ်တို့က ကျွန်ုပ်တို့အား သွန်သင်ထားကြပါသနည်း။

သို့သော် ဘုရားဇာတိအနှစ်သာရတစ်ခုတည်း၌ ပုဂ္ဂိုလ်ဘုရားသုံးပါး တည်ရှိနေခြင်းသည် မည်သည့် အဓိပ္ပာယ်နည်း။ ဤဩဝါဒသည် ကျွန်ုပ်တို့နားလည်ရန်ခက်ခဲပြီး ၎င်း၏ခက်ခဲရှုပ်ထွေးမှုအလုံးစုံကို မည်သည့်အခါမျှကျွန်ုပ်တို့ နားလည်နိုင်မည်မဟုတ်သော်လည်း ဓမ္မသစ်တလျှောက် မတူကွဲပြားသောသာဓကများကို ကျွန်ုပ်တို့ ရှာတွေ့နိုင်ဆဲဖြစ်သည်။

ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါး၌ တစ်လုံးတစ်ဝဖြစ်သည့်အကြောင်း ဓမ္မသစ်တွင် မည်သည့်ကျမ်းပိုဒ်တို့က ကျွန်ုပ်တို့အား သွန်သင်ထားကြပါသနည်း။

### ဒေါက်တာဂျင်မေပယ်လ်

ဓမ္မသစ်၌ သုံးပါးတစ်ဆူထင်ရှားဖော်ပြချက်အား မဿဲ အခန်းကြီး ၃ မှ ယေရှု ဗတ္တိဇံခံခန်းတွင်၎င်း၊ လုကာ အခန်းကြီး ၁ မှ မာရိထံ ယေရှု ဖွားမြင်မည့် အကြောင်း ကြေညာခန်းတွင်၎င်း ကျွန်ုပ်တို့တွေ့နိုင်သည်။ သို့သော် မဿဲ ၂၈ ပါ ဗတ္တိဇံပေးနည်းပညတ်တော်တွင် ပိုမိုရှင်းလင်းပြတ်သားစွာ ကျွန်ုပ်တို့တွေ့ရသည်။ ယောဟန် အခန်းကြီး ၁၄-၁၆ ပါ အထက်ခန်းမဆုံးမသြဝါဒ၌ သုံးပါးတစ်ဆူအဖွဲ့ဝင်စုံ၏ အပြန်အလှန်ထိတွေ့ဆက်ဆံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို သခင်ယေရှုကိုယ်တော်တိုင် ရှင်းလင်းပြတ်သားစွာ အသေးစိတ်ပြဆိုထားကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။

### ပါမောက္ခ မူမိုကီဆောင်း

ယောဟန် အခန်းကြီး ၁ တွင် "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ … ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစုံတခုမျှမရှိ" ဟု ကျွန်ုပ်တို့ ဖတ်ရသည်။ ထို့ပြင် ဤနေရာတွင် "နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိကိုခံယူ၍" ဟု နှုတ်ကပတ်တော်နှင့် ကျွန်ုပ်တို့ကို တဖန် မိတ်ဆက်ပေးထားပြန်သည်။ သို့ဖြစ်လျှင် ယင်းသည် နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော် ယေရှု၏ ဖွားမြင်ခြင်းပင် ဖြစ်သည်။ ရှေ့ပိုင်းက ယောဟန် အခန်းကြီး ၁ အခန်းငယ် ၁ တွင် ဘုရားသခင်နှင့် အတူရှိပြီး ဘုရားသခင်ဖြစ်တော်မူသော ဤနှုတ်ကပတ်တော်အကြောင်း ကျွန်ုပ်တို့ ကြားသိရသည်။ ထို့နောက် အခန်းကြီး ၁၄၊ ၁၅ နှင့် ၁၆ တို့ဆီ ကျွန်ုပ်တို့ ခပ်သွက်သွက်သွားမိကြလျှင် တဖန် ယေရှုခရစ်ကိုယ်တိုင်က သန့်ရှင်းသော ဝိညာဉ်တော်ဘုရားအကြောင်းကို စပြောသည်။ ထို့နောက် "ငါသည်ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်" ဟု စတင်ပြောဆိုပြန်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အား ခမည်းတော်နှင့်၎င်း၊ သားတော်နှင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားနှင့်၎င်း မိတ်ဆက်ထားပေသည်။ မဿဲ အခန်းကြီး ၂၈ ထဲတွင် "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊

သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်၌ ဗတ္တိဇံကိုပေးကြလော့" ဟု ဆိုထားသည်။

ဒေါက်တာဘရန်ဒန်ဒီကရိုး

သုံးပါတစ်ဆူဩဝါဒအကြောင်း သွန်သင်ချက်သည် လူတို့၏ထွင်လုံးတစ်ခုမဟုတ်ပါ။ သမ္မာကျမ်းစာထဲဖွင့်လှစ်ဖော်ပြထားသည့် ဩဝါဒတစ်ခု ဖြစ်သည်။ ဘုရားသခင်သည် သုံးပါးတစ်ဆူအဖြစ် မတည်ရှိလျှင် အဓိပ္ပာယ်ကင်းမဲ့သွားဖွယ်ရှိသည့် မဟာစေခိုင်းချက်လို၊ ၁ကော ၁၂ နှင့် ၁ကော ၈ ထဲကပေါလုလို၊ ၁ပေအဖွင့်ကျမ်းများလို၊ ဟေဗြဲဩဝါဒစာ၏ သွန်သင်ချက်မှစသော ကျမ်းချက်အများအပြား ကျမ်းစာထဲမှာ ရှိနေသည်။သုံးပါးတစ်ဆူဘုရားကို အစေမခံလျှင် အလွယ်ကလေး အဓိပ္ပာယ်ပျောက်သွားမည့် ကျမ်းချက်များစွာ ကျမ်းစာထဲမှာ ရှိနေသည်။

## မေးခွန်း ခြောက်

## သုံးပါးတစ်ဆူနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ဆိုသည်မှာ အဘယ်နည်း။

ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါးဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောဆိုသည့်အခါ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် ဟူသည့် မတူကွဲပြားသော ပုဂ္ဂိုလ်များကို ရည်ညွှန်းနေခြင်း ဖြစ်သည်။ "ပုဂ္ဂိုလ်" ဟူသော စကားရပ်အား "အခြားသူများနှင့်ဆက်နွယ်မှု၌ တည်နေလျက် မတူကွဲပြားသော၊ မိမိကိုယ်မိမိသတိပြုမိနေသည့် ကိုယ်ရည်ကိုယ်သွေး" ဟု ကျွန်ုပ်တို့ ဖွင့်ဆိုနိုင်ပါသည်။ သို့သော် သုံးပါးတစ်ဆူနှင့်စပ်လျဉ်းပါက ပုဂ္ဂိုလ်သည် ဘာကို ဆိုလိုပါသနည်း။

ဒေါက်တာဒင်နီယယ်ထရီယာ

သုံးပါးတစ်လုံးတစ်ဝဘုရားအကြောင်း ကျွန်ုပ်တို့ပြောဆိုရာ၌"ပုဂ္ဂိုလ်" အကြောင်း အဓိပ္ပာယ် နားလည်မှုသည် မယုံနိုင်လောက်အောင် လျှို့ဝှက်နက်နဲလွန်းလှသည်။ သုံးပါးတစ်ဆူအကြောင်း သူ၏ ထင်ရှားသည့်ကျမ်းအဆုံးတွင် ဩဂတ်စတင်းက "ပုဂ္ဂိုလ်" အတွက် ဝေါဟာရတစ်ခုကို ကျွန်ုပ်တို့ သုံးသည့်အခါ "သုံးပါးသော အဘယ်အရာ" ဆိုသည်ကို ကျွန်ုပ်တို့ဖြေဆိုနေခြင်းမျှသာ ဖြစ်ကြောင်း ပြောဆိုသည်။ "သုံးပါးသောတစ်စုံတစ်ရာ" ဟုပြောနိုင်ရန် အစားထိုးအရာတစ်ခု ကျွန်ုပ်တို့ လိုနေသည်။ သို့သော် ကျွန်ုပ်တို့ဘာအကြောင်း ပြောနေသည်ကို ကျွန်ုပ်တို့အမှန်တကယ် တိတိပပ မသိကြပါ။ ထိုသို့ဖြစ်ရခြင်းမှာ တစိတ်တဒေသအားဖြင့် ဘုရားနှင့် လူပုဂ္ဂိုလ်တို့အကြား တူညီချက်အစီအစဉ်ကို

မကြာခဏပြောင်းပြန်လုပ်မိ၍ ဖြစ်သည်။ လူသားပုဂ္ဂိုလ်များအကြောင်း ကျွန်ုပ်တို့တွေးဆသည်။ အကြောင်းမှာ ယင်းသည် ကျွန်ုပ်တို့သိထားသည့် အမှန်တရားဖြစ်သည်။ ထို့ကြောင့် ထိုအတိုင်းဘုရားအပေါ် အရိပ်ထိုးချင်ကြသည်။ သို့သော် အမှန်တရားမှာ ပြောင်းပြန်ဖြစ်သည်။ ဘုရားသခင့် ပုဂ္ဂိုလ်ဖြစ်မှုကသာ ကျွန်ုပ်တို့ဖြစ်မှုကို ပြဋ္ဌာန်းဖွင့်ဆိုစေသင့်သည်။ သို့ဖြစ်ပါက သုံးပါးတစ်လုံးတစ်ဝဘုရားသခင်၌ ပုဂ္ဂိုလ်တစ်ပါး အပါအဝင်ဖြစ်ခြင်း၏ အဓိပ္ပာယ်အပြည့်အဝကို ကျွန်ုပ်တို့ မသိမြင်နိုင်၊ မတွေးတောမကြံဆနိုင်ပါ ဆိုသည့် လျှို့ဝှက်နက်နဲမှုကို ကျွန်ုပ်တို့ သိမှတ်ဝန်ခံရန် လိုအပ်သည်။

ကျွန်ုပ်တို့ အတော်ကလေး ပြတ်ပြတ်သားသား ငြင်းပယ်နိုင်တာ တစ်ခုမှာ ပုဂ္ဂိုလ်ဟူသည် မတူခြားနားသော အတ္တတစ်ခု၊ သီးခြားရုပ်ခန္ဓာနှင့် တွဲစပ်ထားသော တစ်ဦးချင်း ကိုယ့်ကိုယ်ကိုယ်သိစိတ် တစ်ခု၊ မည်သူနှင့်မျှ မပတ်သက်သည့် ကိုယ်ပိုင်သီးသန့်အမည် တစ်ခုဖြစ်သည်ဆိုသည့် ခေတ်ပေါ် သဘောတရား ဖြစ်သည်။ ခေတ်ပေါ် တစ်ဦးချင်းပုဂ္ဂိုလ်သဘောတရားကို သုံးပါးတစ်လုံးတစ်ဝဘုရား၏ ပုဂ္ဂိုလ်များမှာ ကျွန်ုပ်တို့ အသုံးချခဲ့ရမည်ဆိုက ဘုရားသုံးဆူဝါဒဖက် ကျွန်ုပ်တို့ ရောက်သွားနိုင်သည်။ "ကော်မီတီအဖြစ်တည်နေသော ဘုရား" မျိုး ကျွန်ုပ်တို့မှာ ရှိနေသလို ဖြစ်သွားပေလိမ့်မည်။ ခေတ်ပေါ်တစ်ဦးချင်းပုဂ္ဂိုလ်သဘောရှိသော ဘုရားအစုအဖွဲ့မျိုးသည် သုံးပါးတစ်ဆူမဟုတ်ပါ။ ကော်မီတီပုံစံဖြစ်တည်သော ဘုရားမျိုးသာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ပုဂ္ဂိုလ်အဓိပ္ပာယ်ကို ကျွန်ုပ်တို့ မည်သို့ဖွင့်ဆိုသည်ဖြစ်စေ အမှန်တကယ်စူးစိုက်နေသည့် ပုဂ္ဂိုလ်သဘောအယူအဆသည် ခေတ်ပေါ် တစ်ဦးချင်းပုဂ္ဂိုလ်သဘောကို ပြောလိုရင်း မဟုတ်ပါ။ ဤအမှန်တရားအား ကျမ်းစာနှင့်ညီနိုင်သမျှညီအောင် တွေးဆမည်ဆိုပါက ဓမ္မသစ်ကျမ်းချက်အချို့အတွင်း ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ တစ်ပါး အကြောင်း တစ်ပါး၊ တစ်ပါးသို့ တစ်ပါး အချင်းချင်းပြောဆိုကြသည့် အချိန်များကို ကျွန်ုပ်တို့ စဉ်းစားချင်လာမည်ဖြစ်သည်။ ယောဟန် ၁၇ အတွင်း တစ်ပါး "၌" တစ်ပါး ရှိနေကြောင်း၊ တစ်ပါးနှင့်တစ်ပါးချစ်တော်မူကြကြောင်း ပြောထားသည့် မတူကွဲပြားသောပုဂ္ဂိုလ်များ ကျွန်ုပ်တို့မှာရှိနေ၍ တနည်းနည်းဖြင့် ကျွန်ုပ်တို့ဆုပ်ကိုင်နိုင်စရာ အစအနကလေးများတော့ ရှိနေပါသည်။ တစ်ပါးကို တစ်ပါးကပြောဆိုခြင်း၊ ထိုသို့ပြောဆိုမှုကို တစ်ပါးက ခံယူခြင်း၊ တစ်ပါးအကြောင်း တစ်ပါးက ပြောဆိုခြင်း၊ ထိုပြောဆိုမှုအကြောင်း တစ်ပါးက ခံယူခြင်းဟူသော ဆက်သွယ်ဖလှယ်နိုင်သော စွမ်းဆောင်ရည်သဘောတစ်ခု ရှိနေပြီး ယင်းသည် ဤပုဂ္ဂိုလ်ဖြစ်ခြင်းသဘော အယူအဆနှင့် သက်ဆိုင်သဖြင့်

ဘုရားဇာတိအဖြစ်တော်အတွင်း ပုဂ္ဂိုလ်ချင်း အပြန်အလှန် သိရှိသတိပြုမိမှု ဖြစ်တည်နေသည်ဟု ထိုအရာက အကြံပြုနေပုံရသည်။ ခမည်းတော်သည် မိမိကိုယ်မိမိ ခမည်းတော်ဖြစ်သည်ဆိုသည့် သိနားလည်မှုရှိနေရုံမျှမက သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆက်နွယ်၍လည်းသူ့ကိုယ်သူ သိနားလည်မှု ရှိနေသည်။ ထိုနည်းတူစွာပင် သားတော်သည်လည်း ခမည်းတော်အားဖြင့် ထာဝရကာလကပင် ဖြစ်တည်ခဲ့သူတစ်ဦးအဖြစ် ပြောဆိုသောအားဖြင့် မိမိကိုယ်မိမိ သိနားလည်မှုရှိနေသည်။ ထို့ကြောင့် "ဆက်သွယ်ဖလှယ်နိုင်သော စွမ်းဆောင်နိုင်ရည်" က ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်တို့၏ဆက်ဆံရေးအား အချင်းချင်းထံ ပုဂ္ဂိုလ်များ အဖြစ်ဖော်ပြပေးပုံရနေသည်။ ထို့ပြင် လောကနှင့်ဆက်နွယ်မှုများအတွင်း ဘုရားသခင့် လုပ်ဆောင်ချက်၏ ညီညွတ်မှု (ဝါ) ဘုရားသခင့် လုပ်ဆောင်ချက်နှင့် ပြင်ပလုပ်ဆောင်ချက်တို့၏ ညီညွတ်မှုတည်းဟူသော သုံးပါးတစ်ဆူဓမ္မပညာ၏ အခြားအရေးပါသည့် စည်းမျဉ်းကို အုတ်မြစ်ခင်းပေးသည့် အပြန်အလှန် မိမိကိုယ်မိမိသိရှိနားလည်မှုမျိုးလည်း သူတို့မှာ ရှိနေကြပုံရသည်။ ထို့ကြောင့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့သည် အချင်းချင်းသို့၎င်း၊ အချင်းချင်း၏ အကြောင်းကို၎င်း၊ ပြောဆိုမှုရှိကြပြီး အကျိုးရလာဒ်အားဖြင့် အပြန်အလှန် မိမိကိုယ်မိမိသိရှိနားလည်မှုမျိုး ရှိနေကြသည်။ သို့သော်လည်း ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့သည် အဆုံးသတ်အားဖြင့် လောကသို့လည်း တညီတညွတ်ပြောဆိုကြသည်။ ရလာဒ်အားဖြင့် ယေရှုခရစ်တည်းဟူသော *လိုဂို့*၌ ထိုအသံတော်ကို ကျွန်ုပ်တို့ အကြည်လင်ဆုံး ကြားကြရသည်။

## ဒေါက်တာဂျေစကော့ဟော်ရဲ

အမှန်စင်စစ် သဘောအယူအဆတစ်ခုဖြစ်သော ပုဂ္ဂိုလ် အတွေးအခေါ် သက်သက်သည် သုံးပါးတစ်ဆူ ဩဝါဒထဲက ထုတ်ဖော်ထားသည့် ခရစ်ယာန် အယူအဆတစ်ခုဖြစ်သည်။ ဓမ္မဟောင်းကို ကြည့်လျှင် ယနေ့ကျွန်ုပ်တို့ ပြောဆိုနေကြသည့် "ပုဂ္ဂိုလ်" သဘောတရားမျိုးသည် ဓမ္မဟောင်းတွင် အမှန်တကယ်ရှိမနေခဲ့ပေ။ အခြားသော ဘာသာအယူဝါဒများမှာပင်လျှင် အမှန်တကယ်ရှိမနေခဲ့ပေ။ ထိုအစား ပုဂ္ဂိုလ် ဆိုသည်မှာ ဓမ္မဟောင်းတွင် သင်တွေ့မြင်နိုင်သည့်အတိုင်း ပုံသဏ္ဍာန်တော် မှစ၍ အခြားသောအရာများ ဖြစ်ကြသည်။ သို့သော် အစောပိုင်း အသင်းတော်ဖခင်များက ခမည်းတော်သည် ပုဂ္ဂိုလ်တစ်ပါး၊ သားတော်သည် ပုဂ္ဂိုလ်တစ်ပါး ဖြစ်ကြောင်း စတင်သဘောပေါက်လာချိန်တွင် သင်၌ တစ်ဆူတည်းသော ဘုရားဖြစ်သော်လည်း ပုဂ္ဂိုလ်နှစ်ပါး ရှိနေပြီဖြစ်သည်။ ထို့နောက် တာတူလျံက

"ဇာတိအနှစ်သာရတစ်ပါးတည်းဖြစ်သော်လည်း ပုဂ္ဂိုလ် သုံးပါးရှိသည်" ဟု ဆိုခဲ့သည်။ ဟုတ်ပါပြီ။ *ပါဆိုနား* ဆိုသည့် လက်တင် ဝေါဟာရကို သူသုံးနေခြင်း ဖြစ်သည်။ ၎င်းအား ပြဇာတ်များမှာသုံးသည့် မျက်နှာဖုံးများအဖြစ် မကြာခဏရည်ညွှန်းသည်။ ပြဿနာမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းက မတူခြားနားသည့် မျက်နှာဖုံးများကို တပ်ထားခြင်းဖြစ်ပါသလား။ ဂရိစကားလုံးမှာ *ပရိုဆိုပွန်* ဖြစ်သည်။ တခါတရံ အလားတူ အဓိပ္ပာယ်မျိုး ဆောင်တတ်သည်။ သို့သော် ဖခင်များက "ထိုအရာသည် မလုံလောက်ပါ" ဟု ပြောဆိုကြသည်။ ထို့ထက်ပို၍ သားတော်နှင့် ခမည်းတော်ကြားမှာ ပိုမိုဖြစ်တည်နေတာတွေရှိသည်။ ထို့ကြောင့် အေဒီ ၃၂၅ နိုင်ဆီး ကောင်စီသို့ ကျွန်ုပ်တို့ ရောက်လာရသည်။ ယင်းကောင်စီက သုံးပါးတစ်ဆူဩဝါဒကို အခြေခံကျကျ မူဘောင်ချပေးခဲ့သည်။ ထိုနေရာတွင် "ပုဂ္ဂိုလ်" ဟူသောစကားလုံးကို မသုံးထားပါ။ သို့သော် လေးရာစုနှစ် ရောက်လာချိန်တွင် ထိုအယူအဆသည် အရာရာ၏ နောက်ကွယ်မှာ ဆက်လက်ရှိနေသည်။ ပရိုဆိုပွန်နှင့် ပါဆိုနား တို့မှာမူ ခိုင်မာမှုအားမကောင်းသည့် စကားလုံးများသာ ဖြစ်ကြသည်။ သားတော်၏ စစ်မှန်မှုသည် ပိုမိုသိပ်သည်းခိုင်မာသည်။ ခမည်းတော်ကဲ့သို့ပင် ယခုအခါ ဝိညာဉ်တော်သည်လည်း အလားတူပင်ဖြစ်သည်။ဤအရာရှိသမျှ၏ အဓိကအချက်မှာ သုံးပါးတစ်ဆူဩဝါဒ စတင်ပေါ်ပေါက်ချိန်တွင် အနောက်တိုင်း လူ့ယဉ်ကျေးမှုအတွင်းတွင် ပုဂ္ဂိုလ်အတွေးအခေါ်သည် သန္ဓေတည်စအဆင့်မှာသာ ရှိနေခဲ့ခြင်းဖြစ်သည်။ နောက်ထပ်အနည်းငယ်အကြာ အေဒီ ၄၅၁ တွင် ဇာတိသဘာဝနှစ်မျိုးရှိကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးတည်း၊ ပုဂ္ဂိုလ်ရေးရာသိရှိနားလည်မှုတစ်ခုတည်း၌ ဘုရားဇာတိအပြည့်အဝနှင့် လူ့ဇာတိအပြည့်အဝရှိကြောင်း ခရစ်တော်အကြောင်းသွန်သင်ချက်အကြောင်း ပြောပြသည့် ချယ်ဆီဒွန်ကောင်စီ အချိန်ကာလဆီသို့ ကျွန်ုပ်တို့ရောက်ရှိသည်။ သို့သော် "ပုဂ္ဂိုလ်" ဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း။ မိမိကိုယ်မိမိသိရှိနားလည်နေသည်၊ အခြားတစ်ဦးတစ်ယောက်နှင့် "ကျွန်ုပ်/သင်" ဆက်နွယ်မှုတစ်ခု ရှိနေသည်ဟု ရှင်းရှင်း အဓိပ္ပာယ်ရသည်။ ထိုအချက်အလက်များ ပါဝင်လာကြသည်။ သို့သော် ဘိုးသီးယပ်စ်လက်ထက်မှစပြီး ရာစုနှစ်များစွာတလျှောက် အနောက်တိုင်းသမိုင်းသည် ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဆိုသည့် အတွေးအခေါ်နှင့် ရုန်းကန်နေခဲ့ပြီးဖြစ်သည်။ တာတူလျံ သို့မဟုတ် အက်သနေးဆီးယပ်စ် သို့မဟုတ် ချယ်လဆီဒွန် ဖွင့်ဆိုချက်ဖြင့် အလုံးစုံဖြေရှင်းပြီးခဲ့ကြောင်း အချို့က ပြောလိုကြပါလိမ့်မည်။ သို့သော် ထိုသို့မဟုတ်ပါ။ ၎င်းသည် ပြောင်းလွယ်ပြင်လွယ်ရှိသော

အတွေးအခေါ်တစ်ခုသာဖြစ်သည်။ ထို့နောက် စိန့်ဗစ်တာမြို့သား ရစ်ချဒ် သို့မဟုတ် ဘိုနာဗင်းချားမှစ၍ ပိုများစွာသောသူတို့ ခမည်းတော်-သားတော် ဆက်ဆံရေး၊ သူတို့အကြားရှိသည့် ချစ်ခြင်းမေတ္တာတို့အကြောင်း ပြောဆိုကြရာ၊ နည်းနည်းချင်းစီ၊ နည်းနည်းချင်းစီ ထပ်၍ထပ်၍ ဖြည့်စွက်လာကြရာ တစ်ဆယ့်သုံးရာစုနှစ်သို့ ကျွန်ုပ်တို့ရောက်ရှိလာကြသည်။ သို့သော် ထိုအတိုင်းဆိုပါလျှင် ပုဂ္ဂိုလ်ဟူသော အတွေးအခေါ်သည် ခရစ်ယာန်သမိုင်းတလျှောက် လေ့လာကြည့်သည့်အခါ ပြောင်းလွယ်ပြင်လွယ်သည့် သဘောရှိကြောင်းတွေ့ရသည်။

## မေးခွန်း ခုနစ်

## ခရစ်ယာန်များသည် ဘုရားသုံးဆူ ကိုးကွယ်သူများဖြစ်သည်ဟု အချို့သူတို့က အဘယ်ကြောင့် စွပ်စွဲကြပါသနည်း။

သုံးပါးတစ်ဆူ၏ "သုံးပါးဖြစ်ခြင်း" သဘောအား "ဘုရားသုံးဆူအယူဝါဒ" ဟု ခေါ်သည့် ဘုရားအများကိုးကွယ်ပုံတစ်ခု အဖြစ် လူအချို့က အထင်မှားကြသည်။ "ဘုရားသုံးဆူအယူဝါဒ" သည် ဘုရားသုံးပါးကို ကိုးကွယ်သည်ဟု အဓိပ္ပာယ်ထွက်သည်။ သုံးပါးတစ်ဆူ သွန်သင်ချက်နှင့် မတူခြားနားသည်မှာ ဘုရားသုံးဆူအယူသည် "အနှစ်သာရ" နှင့် "ပုဂ္ဂိုလ်" တို့အကြား သတ်မှတ်ခွဲခြားခြင်းမပြုပါ။ ထိုအစား ပုဂ္ဂိုလ်တစ်ပါးစီတိုင်းမှာ ၎င်း၏ ကိုယ်ပိုင်အနှစ်သာရများ ကိုယ်စီရှိနေသည်ဟု ယူဆသည်။ သို့သော် သုံးပါးတစ်ဆူခရစ်ယာန် သွန်သင်ချက်မှာ ဘုရားဖြစ်သည့် ပုဂ္ဂိုလ်သုံးပါးသည် တစ်ခုတည်းသော ဘုရား ဇာတိအနှစ်သာရ၌ တည်နေကြသည်။ ခရစ်ယာန်များသည် ဘုရားသုံးဆူ ကိုးကွယ်သူများဖြစ်သည်ဟု အချို့သူတို့က အဘယ်ကြောင့် စွပ်စွဲကြပါသနည်း။

### သောမတ်စ်အာရှရိုင်းနား

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် သုံးပါးလုံးအား အညီအမျှကိုးကွယ်ရမည်ဟု သူတို့ကြားသိရသည့်အခါ ခရစ်ယာန်တို့သည် ဘုရားသုံးဆူကိုးကွယ်သူများဖြစ်သည်ဟု အချို့သူတို့က ထင်မြင်ကြသည်။ ပုဂ္ဂိုလ်ဘုရားသုံးပါးသည် မတူကွဲပြားသောပုဂ္ဂိုလ်များဖြစ်ပါက ကျွန်ုပ်တို့မှာ ဘုရားသုံးဆူရှိနေသည်ဟု ပြောဆိုမှုမှလွဲ၍ အဆင့်အတန်း ခွဲခြားသတ်မှတ်ချက် တစ်စုံတစ်ရာ သူတို့မှာ မရှိပါ။ သို့သော် ကျွန်ုပ်တို့ ယုံကြည်ခြင်း၏ လျှို့ဝှက်နက်နဲရာ၊ ခရစ်ယာန်ဩဝါဒ၏ ပင်ကိုယ်ဗီဇပါရမီမှာ ဘုရားသခင် တစ်ဆူတည်း၊ ဇာတိအနှစ်သာရတစ်ခုတည်း၊ ဖြစ်တည်မှုတစ်ခုတည်းရှိပြီး ပုဂ္ဂိုလ်သုံးပါးသည် တန်းတူရည်တူ မျှဝေပါဝင်လျက်ရှိသည်ဆိုသည့် အချက်ဖြစ်သည်။ ထိုသို့ဖြစ်နေကြောင်း ကျမ်းစာအရ အလွန်ရှင်းလင်းနေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အကြောင်းမှာ ဘုရားသခင်တစ်ဆူတည်း ရှိကြောင်း ဓမ္မဟောင်းမှာ ဖတ်ရ၍ ဖြစ်သည်။ သာဓကအားဖြင့် ဟေရှာယက ထိုအကြောင်း ကောင်းစွာရှင်းပြထားသည်။ ဓမ္မသစ်စာရေးသူတို့ကလည်း ထိုအချက်ကို ပြန်လည်အတည်ပြုထားကြသည်။ တမန်တော်ပေါလုမှာ ထိုအရာကို တွေ့ရသည်။ ယေရှု၏ သွန်သင်ချက်မှာ တွေ့ရသည်။ ဗျာဒိတ်ကျမ်းမှာ တွေ့ရသည်။ သို့တစေ တစ်ချိန်တည်းမှာ ထိုစာရေးသူများကပင် ယေရှုသည် ဘုရားစစ်စစ်ဖြစ်ကြောင်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားစစ်စစ် ဖြစ်ကြောင်း၊ ခမည်းတော်သည် ဘုရားစစ်စစ်ဖြစ်ကြောင်း အတည်ပြုထားကြသည်။ ထို့ကြောင့် ခရစ်ယာန်သွန်သင်ချက်ထဲ ကျွန်ုပ်တို့တွေ့ရသည်မှာ ကျွန်ုပ်တို့၌ မတူကွဲပြားသော ပုဂ္ဂိုလ်သုံးပါး၊ သင်ပြောလိုပါက မတူကွဲပြားသော ကိုယ်ပိုင်ရပ်တည်မှု သဘောသုံးမျိုး ရှိသော်လည်း တစ်ပါးတည်းသော ဇာတိအနှစ်သာရ၊ ဖြစ်တည်နေမှုတစ်ခုတည်းသာရှိကြောင်းပင်ဖြစ်သည်။ ထိုအရာသည် ဘုရားသုံးဆူရှိနေသည်ဟု ပြောဆိုချက်နှင့် မတူညီပေ။ ထို့ကြောင့် ဤကိစ္စ၌ ကျွန်ုပ်တို့၏ သုံးပါးတစ်ဆူဩဝါဒအပေါ် ထိန်းချုပ်သြဇာပေးသည့် မဆိုင်သော ဒဿနိက အရှိန်အဝါများကို မထည့်ဘဲ ကျမ်းစာသွန်သင်ချက်ကိုသာလိုက်ရန် ကျွန်ုပ်တို့ ဂရုစိုက်ကြရပါမည်။

## ဒေါက်တာစတီဖင်ဂျေဝယ်လမ်

တခါတရံ ဘုရားသုံးဆူ ကိုးကွယ်သူများအဖြစ် ခရစ်ယာန်များ စွပ်စွဲခံကြရသည်။ ထိုသို့ဖြစ်ရခြင်းသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့ကို ကျွန်ုပ်တို့ အလွန်ခိုင်မာစွာအတည်ပြုထား၍ ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ ခမည်းတော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း ကျမ်းစာက အလွန်ရှင်းလင်းစွာ သွန်သင်သည့် တစ်ချိန်တည်းမှာပင် သားတော်သည်လည်း ဘုရားသခင်ဖြစ်တော်မူကြောင်း ကျမ်းစာ သွန်သင်ချက်ကို ဝန်မခံလျှင် ဓမ္မသစ်ကို သင်နားမလည်နိုင်ပါ။ ယောဟန် အခန်းကြီး ၁ ပါ သားတော်နှင့်ခမည်းတော် ဆက်နွယ်မှုကို ပြောပြရာ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏" "နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏" ဆိုသည်ကို ကျွန်ုပ်တို့ စဉ်းစားကြည့်ကြသည်။ သို့ဖြစ်လျှင် သားတော်အဖြစ် ဖော်ထုတ်ပြထားသော နှုတ်ကပတ်တော်သည် ဘုရားသခင် ဖြစ်တော်မူကြောင်း သင့်မှာ အတည်ပြုချက်ရှိနေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း ရည်ညွှန်းချက်များလည်း သင့်မှာရှိနေသည်။ အများဆုံးရည်ညွှန်းသည့် သာဓကမှာ တမန်တော် အခန်းကြီး ၅မှ

ဖြစ်ဖွယ်ရှိသည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို လိမ်ညာခြင်းနှင့် ဘုရားသခင်ကိုလိမ်ညာခြင်းတို့အကြောင်း အာနနိနှင့်ရှဖိရေတို့ထံ တမန်တော်ပေတရု ပြောဆိုချက်အရ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဘုရားသခင့်နာမတော်တို့ကို အပြန်အလှန် သုံးစွဲမှုရှိနေပြီး ထိုအရ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် သုံးပါးလုံးသည် ဘုရားသခင်ဖြစ်ကြောင်း ကျမ်းစာက သွန်သင်နေသည်။ သို့တစေ သင်ထိုသို့ အခိုင်အမာဆိုသည့်အခါ ဘုရားသုံးဆူအကြောင်း ကျွန်ုပ်တို့ပြောနေသည်ဟု လူတို့က အလိုလိုပင် စထင်မြင်လာတော့သည်။ အမှန်စင်စစ် ခရစ်ယာန်တို့ကို ထိုသို့စွပ်စွဲသူအချို့ ရှိခဲ့ကြပြီး ဖြစ်သည်။ ယနေ့ကာလတွင် အထူးသဖြင့် အစ္စလာမ်ဘာသာသည် ခရစ်ယာန်ယုံကြည်ခြင်းအား ထိုသို့စွပ်စွဲခဲ့သည်။ မွတ်စလင်များနှင့် စကားပြောဆိုရာတွင် သုံးပါးတစ်ဆူနှင့်ပတ်သက်၍ ခရစ်ယာန်တို့သည် ဘုရားသုံးပါး သို့မဟုတ် သုံးပါးကိုးကွယ်မှုဝါဒကို လက်ခံခြင်းဖြစ်သည်ဟု မကြာခဏ သူတို့ဆိုကြသည်။ အသင်းတော်သမိုင်းတွင် အဘယ်သူမျှ ဤအချက်ကို အတည်မပြုခဲ့ပါ။ အကြောင်းမှာ ခမည်းတော်သည် ဘုရားသခင်ဖြစ်တော်မူ၏၊ သားတော်သည် ဘုရားသခင်ဖြစ်တော်မူ၏၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏ ဆိုသည့် အခိုင်အမာပြောဆိုမှုများ၌ ဘုရားသခင်သည် တစ်ဆူတည်းသာဖြစ်ကြောင်း အခိုင်အမာပြောဆိုချက်သည်လည်း ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ရှိနေပေသည်။ အသက်ရှင်ပြီး မှန်သော ဘုရားသခင်သည် တစ်ဆူတည်းသာရှိသည်။ ထို့ကြောင့် ဘုရားသခင်၏ ဗျာဒိတ်တော် အပြည့်အစုံကို အဓိပ္ပာယ်ရှိစေသည့် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်တစ်ဆူတည်းရှိပြီး အခြားသောဘုရားမရှိကြောင်း မြွက်ဆိုခြင်းဖြစ်သည်။ ထိုဘုရား၏ ဇာတိအဖြစ်တော်၌ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ ပါဝင်လျက်ရှိကြသည်။ အသင်းတော်၏ ဝေါဟာရအရဆိုပါက သူတို့သည် ဘုရားဇာတိအဖြစ်တော် တစ်ခုတည်း၌ ပုဂ္ဂိုလ်သုံးပါးအဖြစ် "တည်ရှိရှင်သန်" နေကြသည်။ ထို့ကြောင့် ဘုရားသုံးဆူရှိသည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ ဝန်မခံခြင်းဖြစ်သည်။ တစ်ဆူတည်းသော ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါး အဖြစ်တည်ရှိကြောင်း ကျမ်းစာက သွန်သင်ပြီး အသင်းတော်ကလည်း အတည်ပြုထားသည့်အချက်သည် ကျွန်ုပ်တို့၏ ယုံကြည်ပြိုင်ဖက်အယူဝါဒရှိသမျှတို့မှ ကျွန်ုပ်တို့အား ထိုပုံစံဖြင့်ခွဲခြားပေးထားသည်။

## မေးခွန်း ၈

### ဘုရားသခင့်ပုဂ္ဂိုလ် သုံးပါးတစ်လုံးတစ်ဝဖြစ်မှုသည် ဘုရားသခင့်ရိုးရှင်းတော်မူခြင်းဩဝါဒကို ချိုးဖောက်ခြင်းမရှိဟု အဘယ်ကြောင့် ကျွန်ုပ်တို့ ယုံကြည်ကြပါသနည်း။

ဘုရားသခင်သည် ခွဲခြမ်းစိတ်ဖြာမရနိုင်အောင် တစ်လုံးတစ်ဝဖြစ်သည်ဆိုသည့် သမ္မာကျမ်းလာ ဘုရားသခင့်ရိုးရှင်းတော်မူခြင်းဩဝါဒကို ဘုရားသုံးဆူကိုးကွယ်အယူဝါဒက ချိုးဖောက်သည်။ သို့သော် ဘုရားသခင့် *သုံးပါးတစ်လုံးတစ်ဝ* ဖြစ်ခြင်း သွန်သင်ချက်က ချိုးဖောက်ခြင်းမရှိပေ။ ဘုရားသခင်သည် သုံးပါးသောပုဂ္ဂိုလ်ဘုရားဖြစ်သော်လည်း ကိုယ်တော်သည် တစ်ပါးတည်းသော ဇာတိအနှစ်သာရ ဖြစ်တော်မူကြောင်း ကျွန်ုပ်တို့ မသိမှတ်မိတိုင်အောင် ဤအရာကို ဆုပ်ကိုင်မိရန် ခက်ခဲနိုင်ပါသည်။ ထို့ပြင် ကိုယ်တော်၏ အနှစ်သာရကိုလည်း အစိတ်အပိုင်းများအဖြစ် ခွဲခြားမရနိုင်ပါ။ ကိုယ်တော်သည် စိတ်ပိုင်းခွဲခြား၍ မရနိုင်အောင် တစ်လုံးတစ်ဝ ဖြစ်တော်မူပါသည်။ ထို့ကြောင့် သုံးပါးတစ်ဆူအား ဘုရားသုံးဆူကိုးကွယ်မှုအယူဝါဒနှင့် ကျွန်ုပ်တို့ မရှုပ်ထွေးသင့်ပါ။ ဘုရားသခင့်ပုဂ္ဂိုလ် သုံးပါးတစ်လုံးတစ်ဝဖြစ်မှုသည် ဘုရားသခင့်ရိုးရှင်းတော်မူခြင်းဩဝါဒကို ချိုးဖောက်ခြင်းမရှိဟု အဘယ်ကြောင့် ကျွန်ုပ်တို့ ယုံကြည်ကြပါသနည်း။

#### သိက္ခာတော်ရ ဗယ်လရီ ဇာဒိုရော့ဇနီ

ဘုရားသခင့် ရိုးရှင်းတော်မူခြင်းသည် အလွန်ပင်စိတ်ဝင်စားဖွယ်ကောင်းသော သဘောတရားတစ်ခု ဖြစ်သည်။ အကြောင်းမှာ တစ်ဖက်တွင် ဘုရားသခင်ကို နားမလည်နိုင်ကြောင်း ကျမ်းစာသွန်သင်ထား၍ ဖြစ်သည်။ ဆိုလိုသည်မှာ လူသည် ကိုယ်တော်ကို မဆန်းစစ်နိုင်၊ သရုပ်မခွဲနိုင်ပါ။ အခြားတစ်ဖက်တွင်လည်း ဓမ္မပညာတွင် ဘုရားသခင့် "ရိုးရှင်းတော်မူခြင်း" သဘောအယူအဆ ပါရှိနေသည်။ ထို့ပြင် ကျွန်ုပ်တို့သိကြသည့်အတိုင်း ဘုရားသခင်သည် မိမိကိုယ်မိမိ သုံးပါးတစ်ဆူဘုရားအဖြစ် ဖွင့်လှစ်ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော် အဆိုပါ ပုဂ္ဂိုလ်သုံးပါးတို့သည် တစ်လုံးတစ်ဝဖြစ်ကြသည်။ သူတို့တွင် ဇာတိအနှစ်သာရ တစ်ပါးတည်းသာ ရှိကြသည်။ ဆိုလိုသည်မှာ ကျွန်ုပ်ခေါ်ဆိုကြသည့် "အပိုင်းကဏ္ဍများ" အဖြစ် ကိုယ်တော်ကို ခွဲခြား၍ မရနိုင်ပါ။ ဖန်ဆင်းထားသောအရာတစ်ခုကို ကြည့်လျှင် အစိတ်အပိုင်းများ မဖြစ်မနေပါဝင်သည်ကိုတွေ့ရသည်။ ပျော်ရည်တစ်ခုတွင် ရေနှင့် အခြားတစ်စုံတစ်ရာပါရှိသည်။ ၎င်းထဲတွင် မော်လီကျူးများစွာပါရှိနေသည်။ သို့သော် ဘုရားသခင်သည် တစ်ဆူတည်းဖြစ်သည်။ ထို့ကြောင့်ဤသဘောဆိုရလျှင် ကိုယ်တော်သည် ရိုးရှင်းတော်မူပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## သိက္ခာတော်ရ ဒေါက်တာပေါအာရာဘေး

ပထမပုဂ္ဂိုလ်ဖြစ်သည့် ဘုရားသခင်သည် သူ့သားတော်၏ ခမည်းတော် အစဉ်အမြဲ ဖြစ်တော်မူသည်။ သူ့သားတော်သည်လည်း သူ့ခမည်းတော်၏ သားတော် အစဉ်အမြဲ ဖြစ်တော်မူသည်။ ထိုအရာသည်လည်း အတိတ်သို့ အစဉ်ထာဝရ ပြန်သွားနေသည်။ ခမည်းတော်၏ ဝိညာဉ်တော်၊ သားတော်၏ ဝိညာဉ်တော်တို့သည် အစဉ်အမြဲတည်ရှိနေကြပြီး သုံးပါးတို့မှာလည်း ကွဲကွာခွဲခွာခြင်းမရှိကြပါ။ တစ်ပါးနှင့်တစ်ပါး အမြဲအတူရှိတော်မူနေကြသည်။ တစ်ပါးနှင့်တစ်ပါး အတူရှိနေကြရုံမက သားတော်သည် ခမည်းတော်၌ ရှိကြောင်း၊ ခမည်းတော်သည်လည်း သားတော်၌ ရှိကြောင်း သင်အကြိမ်ကြိမ် ပြောဆိုနေနိုင်သည်။ သူတို့သည် အချင်းချင်း ထွင်းဖောက်စိမ့်ဝင်နေကြသဖြင့် မတူကွဲပြားသောဘုရားသုံးဆူ မဟုတ်ကြပါ။ ဘုရားသခင့်ဇာတိအဖြစ်တော်သည် တစ်ပါးတည်းသာရှိသည်။ မခွဲခြမ်း၊ မစိတ်ဖြာနိုင်သော တစ်ခုတည်းသော ဘုရားဇာတိတစ်ပါးတည်းဖြစ်ပြီး ပုဂ္ဂိုလ်သုံးပါး ဖြစ်ကြသည်။

## သိက္ခာတော်ရ ဒေါက်တာ ဂျပ်စတင်တယ်ရီ

ရှင်မဿဲ ၁၀ လိုနေရာကို သင်ကြည့်လျှင် ငါ၏တပည့်တော်တစ်ပါးပါးကို ငါ့နာမ၌ လက်ခံသူမည်သူမဆို ငါ့အားလက်ခံသူဖြစ်သည်၊ ငါ့ကိုလက်ခံသောသူသည် ငါ့ကိုစေလွှတ်သောသူကို လက်ခံသူဖြစ်သည်ဟု ယေရှုပြောဆိုထားကြောင်း သင်ကြားရသည်။ ထို့ကြောင့် သူတို့၌ ခမည်းတော်၏ ဝိညာဉ်တော်ရှိနေသည့် တပည့်တော်ကို လက်ခံခြင်းသည် ထိုသူကိုလက်ခံရုံမျှမဟုတ်ဘဲ ဘုရားသခင့်သားတော်ကို လက်ခံခြင်းလည်း ဖြစ်ကြောင်းကျွန်ုပ်တို့တွေ့ရသည်။ ထို့ပြင် ဘုရားသခင့်သားတော်ကို သူတို့လက်ခံချိန်သည် ခမည်းတော်ကိုသူတို့လက်ခံချိန်လည်း ဖြစ်သည်။ သီးခြားဖြစ်နေသောလူသုံးယောက် မဟုတ်သည်မှာ ရှင်းပါသည်။ တစ်ဆူတည်းသော ဘုရားသည် ပုဂ္ဂိုလ်သုံးပါး၌ ရှိနေပါသည်။ ဤနေရာမှာ ကျွန်ုပ်တို့ ရှုပ်ထွေးလာနိုင်ကြောင်း သိပါသည်။ ကျွန်ုပ် ရပ်ပါတော့မည်။ သို့သော် ကျွန်ုပ်တို့ပြောပြဖို့ကြိုးစားနေသည်မှာ တစ်ဆူတည်းသောဘုရားသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ပုဂ္ဂိုလ်သုံးပါးအဖြစ် တည်ရှိနေတော်မူခြင်းအကြောင်း ဖြစ်သည်။

ဘုရားသခင်သည် တစ်ဆူတည်းဖြစ်ကြောင်း၊ ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါးတစ်လုံးတဝဖြစ်ကြောင်းအရေးကြီးသော သဘောအယူအဆတို့ကို လေ့လာဖော်ထုတ်ခြင်းဖြင့် သုံးပါးတစ်ဆူမိတ်ဆက်ကို ကျွန်ုပ်တို့လေ့လာပြီးဖြစ်၍ ဩဝါဒ၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

နောက်ဆုံးအပိုင်းဖြစ်သော ဘုရားဇာတိအဖြစ်တော်အတွင်း ပုဂ္ဂိုလ်သုံးပါး၏ ဘုရားအဖြစ်တန်းတူညီမျှကြခြင်းအကြောင်းကို စဉ်းစားကြပါမည်။

# ဘုရားသခင့် တန်းတူညီမျှခြင်း

ဘုရားသခင့်ဇာတိအဖြစ်တော်၏ ပုဂ္ဂိုလ်များသည် အရာရာမှာတန်းတူညီမျှကြကြောင်း သမိုင်းတလျှောက် ခရစ်ယာန်တို့ အစဉ်တစိုက် နားလည်ခဲ့ကြပြီးဖြစ်သည်။ သူတို့တပါးစီသည် ဖန်ဆင်းခံများ မဟုတ်ကြပဲ တူညီသောတန်ခိုးနှင့် ဂုဏ်အရည်အချင်းများရှိကြသည်။ သူတို့သည် တန်ခိုး၊ ဘုန်းတော်အရာတို့၌ တန်းတူဖြစ်ကြသည်။ ထိုအတိုင်းဖြစ်နေသည်မှာ ထာဝရကာလကြာခဲ့ပြီဖြစ်သည်။ သို့သော် ဤဘုရားသခင့် တန်းတူညီမျှမှုသည် ဘာနှင့် တူပါသနည်း။

## မေးခွန်း ကိုး

## ဘုရားသခင်သည် သုံးပါးတစ်ဆူအဖြစ် ထာဝရ တည်ရှိခဲ့ပါသလား။

ဘုရားသခင်သည် ဖန်ဆင်းခံလည်းမဟုတ်သလို ထာဝရလည်း ဖြစ်ကြောင်း ခရစ်ယာန်အားလုံး ယုံကြည်ကြသည်။ ဘုရားသခင်မတည်ရှိခဲ့သောအချိန်အခါသည် မည်သည့်အခါမျှ မရှိခဲ့ဖူးပါ။ ကိုယ်တော်သည် အာလဖ ဖြစ်သလို ဩမေဃလည်း ဖြစ်၍ အစဖြစ်သလို အဆုံးလည်း ဖြစ်တော်မူပါသည်။ သို့သော် ဘုရားသခင်သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်အဖြစ် အမြဲတစေ တည်ရှိနေသူဖြစ်ပါသလား။ တနည်းဆိုရလျှင် ဘုရားသခင်သည် သုံးပါးတစ်ဆူအဖြစ် ထာဝရတည်နေသူဖြစ်ပါသလား။

ဒေါက်တာကားလ်အာထရူးမင်း

ဘုရားသခင်ဗေဒအကြောင်း မေးခွန်းတစ်ခုမှာ ကိုယ်တော်သည် သုံးပါးတစ်ဆူအဖြစ် အမြဲတမ်းတည်နေပါသလားဟူ၍ ဖြစ်သည်။ ၎င်းသည် ရှုပ်ထွေးသောမေးခွန်းတစ်ခု ဖြစ်သည်။ အတိုဖြေရလျှင် ဟုတ်ကဲ့ဟုသာ ဆိုရပါမည်။ ဘုရားသခင်သည် ထာဝရဖြစ်၍ ပြောင်းလဲခြင်း ရှိတော်မမူပါ။ ကိုယ်တော်၏ ဖြစ်တည်မှုသည် အချိန်ကိုလိုက်၍ ပြောင်းလဲခြင်းမရှိကြောင်း ထိုအချက်အားဖြင့်သိရသည်။ ကိုယ်တော်၏ ဖြစ်တည်မှုသည် သုံးပါးတစ်လုံးတစ်ဝဖြစ်သောကြောင့် အကျိုးဆက်အားဖြင့် ကိုယ်တော်သည် သုံးပါးတစ်လုံးတစ်ဝ အစဉ်အမြဲဖြစ်ခဲ့ရပါလိမ့်မည်။စနစ်ကျခမ္မရှုထောင့်အရ ထာဝရတည်သော ဘုရားသခင့်သုံးပါးတစ်ဆူသဘာဝသည် အလွန်ပင် အရေးကြီးလှသည်။ အကြောင်းမှာ ဘုရားသခင်၏ တကယ့် အနှစ်သာရသည်

ချစ်ခြင်းမေတ္တာဖြစ်ကြောင်း ကျွန်ုပ်တို့ ငြင်းခုံမည်ဆိုပါက၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ပိုင်ဆိုင်သည့် ထာဝရဂုဏ်တော်ဖြစ်သည် ဆိုပါက၊ ရလာဒ်အားဖြင့် ချစ်ခြင်းမေတ္တာသည် ဆက်နွယ်မှုဆိုင်ရာဂုဏ်တော်တစ်ပါး ဖြစ်ကြောင်း ကျွန်ုပ်တို့ နှလုံးသွင်းမိဖို့လိုပါသည်။ ချစ်ခြင်းမေတ္တာသည် ပုဂ္ဂိုလ်များအတွင်းမှာသာ ဖြစ်ပေါ် နိုင်သည်။ ထို့ကြောင့် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ထာဝရဖြစ်တော်မူဖို့ရန် ပုဂ္ဂိုလ်အများ ရှိခြင်းသည် အရေးကြီးပါသည်။

## သိက္ခာတော်ရ ဗားမွန်ပီယာရီ

ဘုရားသခင်သည် ကိုယ်တော်ဖြစ်တော်မူသည့်အတိုင်း အမြဲတစေ ဖြစ်တည်နေခဲ့ပြီးဖြစ်သည်။ အဓိပ္ပာယ်မှာ ကိုယ်တော်သည် တစ်ဆူတည်းသောဘုရား၊ ပုဂ္ဂိုလ်သုံးပါးအဖြစ် အမြဲတစေ တည်ရှိတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်မှာ ပြည့်ဝစုံလင်သောအဖွဲ့အစည်း အမြဲတစေ ရှိနေသည်။ ကိုယ်တော်သည် ပြည့်ဝစုံလင်သောချစ်ခြင်းမေတ္တာ၌ အမြဲတစေ တည်နေတော်မူပါသည်။ ယောဟန် အခန်းကြီး တစ် "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏" ဆိုသည့်အချက်က တစ်ခုခုပြောပြနေပါသည်။ ဘုရားသခင်သည် အမြဲတစေရှိနေသည်။ ကိုယ်တော်သည် သုံးပါးတစ်ဆူဖြစ်သော မိမိကိုယ်မိမိ ဖော်ပြခဲ့ပြီးသည့် ပုံစံအတိုင်း အစဉ်အမြဲ တည်ရှိတော်မူသည်။

## မေးခွန်း တစ်ဆယ်

### ခရစ်တော်သည် ဖန်ဆင်းခံတစ်ပါးလော သို့မဟုတ် ကိုယ်တော်သည် အစဉ်အမြဲတည်တော်မူသူလော?

တခါတရံ သုံးပါးတစ်ဆူကို ဆန့်ကျင်သူတို့က ကောလောသဲ ၁း၁၅ လိုကျမ်းပိုဒ်များအား ဖော်ပြပြီး ဘုရားသခင်သည် သုံးပါးတစ်ဆူအဖြစ် အမြဲတစေတည်တော်မူခဲ့ခြင်းမရှိကြောင်း ငြင်းခုံကြသည်။ ခရစ်တော်သည် ဖန်ဆင်းခံအားလုံးအပေါ်မှာ သားဦးဖြစ်ကြောင်း ဤကျမ်းချက်ကပြောထားသည်။ ခရစ်တော်သည် "ဖွားမြင်" ခြင်းခံသူဖြစ်သောကြောင့် ခမည်းတော်နှင့်မတူညီပါ၊ ထို့ကြောင့် သူ့မှာအစပြုချိန်ရှိခဲ့ရမည်ဟု သူတို့ ငြင်းခုံကြသည်။ ကိုယ်တော်သည် ခမည်းတော်နှင့် တန်းတူညီမျှသော၊ ဖန်ဆင်းခံမဟုတ်သော ပုဂ္ဂိုလ်ဘုရားအစား

ဖန်ဆင်းခံရသည့် ပုဂ္ဂိုလ်ဘုရားသာဖြစ်ကြောင်း သူတို့ယုံကြည်ကြသည်။ ခရစ်တော်သည် ဖန်ဆင်းခံတစ်ပါးလော သို့မဟုတ် ကိုယ်တော်သည် အစဉ်အမြဲတည်တော်မူသူလော?

## ဒေါက်တာကားလ်အာထရူးမင်း

ဓမ္မဟောင်းကို ကျွန်ုပ်တို့ပြန်ကြည့်လျှင် ခရစ်တော်၏ တည်ရှိမှုနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ တည်ရှိမှုအကြောင်း အရိပ်အမြွက်တို့ကို ကျွန်ုပ်တို့တွေ့ရသည်။ ဟုတ်ပါပြီ။ ပေါလု၏ ကောလောသဲဩဝါဒစာထဲမှာ "ဝေနေယျသတ္တဝါအပေါင်းတို့အပေါ်မှာ သားဦးဖြစ်တော်မူ၏" ဟူ၍ ခရစ်တော်ကို ရည်ညွှန်းမှုသည် ကန့်ကွက်ချက်တစ်ခု ဖြစ်ပါလိမ့်မည်။ ဟုတ်ပါပြီ။ "သားဦး" ဆိုသည့် ဝေါဟာရကို သင်ကြည့်ပြီး ဓမ္မဟောင်းမှာဇစ်မြစ်လိုက်လျှင် "သားဦး" သည် အချိန်ကာလစဉ်အရ ရှေ့နောက်အစီအစဉ် ဖော်ပြချက်ကို မဆိုလိုကြောင်း သင်တွေ့ရပါသည်။ အမှန်စင်စစ် ယင်းသည် ကျွန်ုပ်တို့ခေါ်ဆိုကြသည့် "ဖြစ်တည်မှုအပေါင်းရှေ့မှာ အရင်အဦးကျခြင်း" သို့မဟုတ် သာလွန်မြင့်မြတ်ခြင်း အကြောင်းဖော်ပြချက်တစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် သာဓကဆိုရလျှင် ဖာရောဘုရင်ရှေ့မောရှေဝင်သည့်အခါ ဣသရေလလူတို့အား ဘုရားသခင့် သားဦးအဖြစ် သူခေါ်ဆိုသည်။ ကမ္ဘာမြေပေါ်မှာ ပထမဆုံးသော လူမျိုးနွယ်ဟု မဆိုလိုဘဲ ဘုရားသခင့်ရှေ့၌ သာလွန်မြင့်မြတ်သူများဟုသာ ဆိုလိုသည်။ ထို့ကြောင့် အနက်ဖွင့်ရှုထောင့်အရ သားတော်၏ ထာဝရဖြစ်တည်မှုအပေါ် စိမ်ခေါ်ချက်အချို့ ပေါ်ပေါက်လာခဲ့ပြီးဖြစ်သော်ငြား အကယ်စင်စစ် ဂန္ထဝင်မြောက်ဟု ဆိုနိုင်သည့် ကောလောသဲ ကျမ်းစာသားကို သင်လေ့လာသည့်အခါ သုံးပါးတစ်ဆူဆန့်ကျင်သူတို့ ပေးလိုသည့် ဩဇာအထောက်အထားမျိုးကို ကျမ်းက ဆောင်ကြဉ်းမပေးပါ။

## ဒေါက်တာလင်းကိုဟစ်

ကောလောသဲ ၁း၁၅-၁၇ ကို ကျွန်ုပ်တို့လေ့လာပါက ယေရှုခရစ်သည် မည်သို့မည်ပုံ ဘုရားသခင့်ပုံသဏ္ဌာန်တော်ဖြစ်တော်မူကြောင်း ပေါလုရှင်းပြချက်ကိုတွေ့ရသည်။ ကိုယ်တော်သည် ခမည်းတော် ဘုရားသခင်ကို ကိုယ်စားပြုသည်။ ယေရှုသည် ဖန်ဆင်းခံအပေါင်းတို့တွင် သားဦးဖြစ်ကြောင်း ပေါလုပြောထားသည်။ ယင်းသည် ကျွန်ုပ်တို့အား လက်သီးနှင့်ထိုးလိုက်သလို ဖြစ်နိုင်သည်။ အကြောင်းမှာ ယေရှုသည် ပထမဦးဆုံးသောဖန်ဆင်းခံဖြစ်သည်ဟု ပေါလုပြောနေကြောင်း ဖြစ်နိုင်ဖွယ်ရာရှိသည့်ပုံပေါက်နေ၍ ဖြစ်သည်။ သာဓကအားဖြင့် ယေရှုသည် ဖန်ဆင်းခံများအထဲမှာ အဦးဆုံးသောသူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ကြောင်း အေရီးယပ်စ်က ကနဦးအသင်းတော်၌ ငြင်းခုံခဲ့ခြင်းသည်
ဤအရာပင် ဖြစ်သည်။ ဤနေရာ၌ ပေါလုပြောနေသည့်အရာသည်
ထိုအရာမဟုတ်ပါ။ ပေါလု၏ ဤအသုံးအနှုန်းသည် ဣသရေလလူတို့အား
ဘုရားသခင့်သားဦးအဖြစ် ခေါ်ဆိုထားရာ ဓမ္မဟောင်းကို
ပြန်လည်ရည်ညွှန်းထားသည်။ ယခုတွင် ယေရှုသည် လူတို့ကိုကယ်တင်ရာ၊
လောကကို ကယ်တင်ရာ ဘုရားသခင့်လမ်းခရီးအဖြစ် ရပ်တည်နေသည်။
ထို့ကြောင့်ယေရှုသည် ခမည်းတော်ဘုရား၊ သားတော်ဘုရား၊
သန့်ရှင်းသောဝိညာဉ်တော်ဘုရားက ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို
ပြီးမြောက်စေသည့်အမှု၌ လမ်းခရီးကို ကိုယ်စားပြုသည်။ ထို့ပြင် ပေါလုသည်
ယေရှုအား ဖန်ဆင်းခြင်းနှင့် ချိတ်ဆက်သည်။ ဤနေရာတွင်
သတိပြုမှတ်သားရမည်မှာ "ကိုယ်တော်အားဖြင့်"
ဖန်ဆင်းခြင်းဖြစ်ပေါ် ခဲ့ကြောင်းနှင့် ဖန်ဆင်းသမျှအရာအားလုံးသည်လည်း
"ကိုယ်တော်အားဖြင့်" ရပ်တည်လျက်၊ တည်ရှိလျက်၊
ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်။ သို့ဖြစ်လျှင် ဤအရာသည် ဤလုပသည့်
ကောလောသဲ ကျမ်းပိုဒ်အရ ပေါလုပြောလိုသည့် အရာပင်ဖြစ်သည်။ ၁ကောရိန္သု
အခန်းကြီး ၈ ထဲတွင် ခမည်းတော် ဘုရားသခင်နှင့်
သခင်ယေရှုခရစ်တော်အကြောင်းကိုပါ ပေါလုပြောဆိုရာ နောက်ထပ်
ကျမ်းချက်တစ်ခု ရှိပါသေးသည်။ တဖန် ဤနေရာတွင်လည်း ယေရှုသည်
ကောင်းကင်တမန်တပါးပါး ကဲ့သို့ ဒုတိယတန်းစားဘုရားတစ်ဆူ ဖြစ်ကြောင်း
ပေါလု အကြံပြုနေခြင်း မဟုတ်ပြန်ပေ။ ခမည်းတော်နှင့် သားတော်
နှစ်ပါးလုံးသည် ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းကို ခံထိုက်ကြောင်း၊ သူတို့သည်
သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူတကွ ကယ်တင်ခြင်းကို
ပြီးမြောက်စေကြကြောင်း သူ ချမှတ်ပေးနေခြင်းဖြစ်သည်။ ဤနေရာတွင် ၁ကော
အခန်းကြီး ၈ ၏ အဆက်အစပ်နှင့် ၁ကော ၁၀ တို့သည်
ရုပ်တုကိုးကွယ်ခြင်းအပြစ်ကို ကိုင်တွယ်ထားသည်။ အဆိုပါကောရိန္သုလူတို့သည်
ရုပ်တုကိုးကွယ်လွန်ကျူးခြင်း၊ ဘဝဟောင်းပုံစံများထဲ
ပြန်ရွှေ့လျော့ကျဆင်းခြင်းများဆီ အလွန်အမင်းနီးကပ်လာနေကြသည်။
ထို့ကြောင့် ပေါလုက သူတို့အတွက် "ငါတို့တွင် ဘုရားသခင်တစ်ပါးတည်း၊
သခင်ဘုရားတစ်ပါးတည်းရှိ၏" ဟူ၍၎င်း၊ သခင်တစ်ပါးတည်းဟူ၍၎င်း
ချမှတ်ပေးရခြင်းဖြစ်သည်။ အသုံးအနှုန်းသည် ဓမ္မဟောင်းထဲက
တိုက်ရိုက်ဖြစ်ပြီး ဝတ်ပြုကိုးကွယ်သည့် အသုံးအနှုန်း ဖြစ်သည်။ ထို့ကြောင့်
ခမည်းတော်ဘုရားသခင် နှင့် သားတော်ဘုရားသခင်တို့ကို ကောရိန္သုလူတို့
ကိုးကွယ်စေဖို့ ပေါလု မျှော်လင့်နေခြင်းဖြစ်သည်။ ထိုအရာသည်
ဖန်ဆင်းခြင်းအမှုဖြစ်ပေါ် ခဲ့ရာမှာ ယေရှုပါဝင်ကြောင်း၊ ယေရှုသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်ဖြစ်ကြောင်း၊ အစဉ်အမြဲ ဘုရားသခင်ဖြစ်တော်မူကြောင်း၊ အစောဆုံး ခရစ်ယာန်စာရေးသူတစ်ဦးဖြစ်သည့် ပေါလုက ထိုအချက်ကို ချမှတ်နေကြောင်း ကျွန်ုပ်တို့ မည်သို့စိတ်ချနိုင်သည် ဆိုသည့်အရာဖြစ်သည်။

## ဒေါက်တာဂါရက်ကော့ကာရီး

ကောလောသဲကျမ်းပိုဒ်ထဲတွင် အခန်းငယ် ၁၅၌ ဖန်ဆင်းတော်မူသော အရာအားလုံးတို့တွင် ကိုယ်တော်အား သားဦး ဟု ခေါ်ဆိုထားသည်။ ကိုယ်တော်သည် ဖန်ဆင်းခံဖြစ်ကြောင်း ထိုအရာက ဆိုလိုနေခြင်းမဟုတ်ပါ။ ကိုယ်တော်သည် ဘုရင့်သားတော်၊ အုပ်စိုးပိုင်သသူ၊ အဆုံးသတ်အားဖြင့် အမွေခံဖြစ်ကြောင်း ပြောလိုရင်းဖြစ်သည်။ အရာရာကို ကိုယ်တော်အတွက် ဖန်ဆင်းခဲ့ကြောင်း၊ ကိုယ်တော်အားဖြင့်သာမကဘဲ ကိုယ်တော် အဖို့ ဖန်ဆင်းခဲ့ကြောင်း၊ ထို့ပြင် အရာရာသည် ကိုယ်တော်၌ စုပေါင်းတည်ရှိနေကြကြောင်း ထိုနေရာမှာ ပေါလု ပြောပါသေးသည်။ ထိုအရာသည် အမှန်စင်စစ် အံ့ဖွယ်သရဲဖြစ်သောအမှုပင်ဖြစ်သည်။ ဟေဗြဲဩဝါဒစာအဖွင့်ကျမ်းချက်တို့ကို ကျွန်ုပ်တို့လေ့လာပါက "ဖန်ဆင်းခြင်း" အကြောင်းကို မပြောမီမှာပင် အလျင်အဦးဆုံးပြောသည့်အရာမှာ ဘုရားသခင်သည် ကိုယ်တော်အား "အရာခပ်သိမ်းကိုအမွေဆက်ခံသူ" အဖြစ် ခန့်ထားသည်ဆိုသည့်အချက်ဖြစ်သည်။ ထို့ပြင် ဘုရားသခင့်သားတော်အနေဖြင့် အမွေခံဖြစ်ခြင်းသည် သားဖြစ်ခြင်းသဘောမှ အလိုလို ပေါ်ထွက်သည်ဆိုသည့် သဘောတရားတစ်ခု ရှိနေသည်။ သင်သည် သားတစ်ဦးဖြစ်ပါက သင်သည် အမွေခံတစ်ဦး ပင်ဖြစ်သည်။ သို့ဖြစ်ပါက သားတော်အနေဖြင့် ကိုယ်တော်သည် ဘုရားသခင်၏ ပြီးပြည့်စုံသော ဖွင့်လှစ်ဖော်ပြချက်ပင် ဖြစ်သည်။ ဖန်ဆင်းခြင်းတွင် ဘုရားသခင်နှင့် အပြည့်အဝ တသားတည်းရှိခဲ့ပြီး အရာရာ၏ အမွေခံလည်း ဖြစ်ပေသည်။ သို့ဖြစ်ပါက ကိုယ်တော်၏ လူ့ဇာတိခံယူခြင်း၊ ကားတိုင်ပေါ်မှာ ရွေးနုတ်ခြင်း၊ ခမည်းတော်၏ လက်ျာဘက်မှာထိုင်တော်မူခြင်း အမှုတော်တို့သည် မိမိဖန်ဆင်းခဲ့သမျှအရာရာအမွေဆက်ခံသူအဖြစ် လုပ်ဆောင်ရန် ကိုယ်တော်၏ သားဖြစ်ခြင်းကို အကောင်အထည်ဖော်ခြင်းပင် ဖြစ်တော့သည်။

## မေးခွန်း တစ်ဆယ့်တစ်

### ဓမ္မသစ်ထဲက သုံးပါးတစ်ဆူပုံသေနည်းသည် ဘုရားဇာတိအဖြစ်တော်အတွင်းရှိ အခြားသောအဖွဲ့ဝင်များနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့ တန်းတူညီမျှကြောင်း ကျွန်ုပ်တို့အား မည်သို့ မြင်လွယ်စေပါသနည်း။

သုံးပါးတစ်ဆူ၏ ဒုတိယပုဂ္ဂိုလ်ဖြစ်သည့် ယေရှုခရစ်တော်သည် ဖန်ဆင်းခံမဟုတ်ကြောင်းနှင့် ခမည်းတော်ဘုရားသခင်ကဲ့သို့ ထာဝရတည်တော်မူသည့်အကြောင်းသည် ကျမ်းစာအရ ရှင်းနေသည်။ ကိုယ်တော်သည် တန်ခိုး၊ ဘုန်းတော်အရာတွင် ခမည်းတော်နှင့် တန်းတူညီမျှပြီး ဘုရားသခင့် ဇာတိအဖြစ်တော်၏ ဂုဏ်ဒြပ်ရှိသမျှတို့၌ တန်းတူမျှဝေပိုင်ဆိုင်သည်။ ထို့ပြင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပတ်သက်၍လည်း အလားတူမှန်ကန်သည်။ အမှန်စင်စစ် သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်၊ သားတော်တို့နှင့်အတူတကွ တန်းတူညီမျှကြောင်း ကျမ်းစာထဲတွေ့ရသည့် သုံးပါးတစ်ဆူပုံသေနည်းတိုင်းက ဖော်ပြသည်။ ဓမ္မသစ်ထဲက သုံးပါးတစ်ဆူပုံသေနည်းသည် ဘုရားဇာတိအဖြစ်တော်အတွင်းရှိ အခြားသောအဖွဲ့ဝင်များနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့ တန်းတူညီမျှကြောင်း ကျွန်ုပ်တို့အား မည်သို့ မြင်လွယ်စေပါသနည်း။

#### ဒေါက်တာဒင်းနစ်အီးဂျွန်ဆင်

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဇာတိအပြည့်အဝရှိကြောင်းနှင့် ပုဂ္ဂိုလ်သဘော အပြည့်အဝရှိကြောင်း ဓမ္မသစ် သုံးပါးတစ်ဆူပုံသေနည်းများက ကျွန်ုပ်တို့အားသိနားလည်လွယ်စေသည်။ မဟာစေခိုင်းချက်ထဲက သာဓကနှစ်ခုကိုကြည့်ကြပါစို့။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်၌ လူတို့အား ဗတ္တိဇံပေးရန် ကျွန်ုပ်တို့အား ယေရှုမိန့်မှာထားသည်။ နာမတော်သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်အတွက် တစ်ပါးတည်းသာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့မှာ ဘုရားသခင်တစ်ဆူတည်း၊ ပုဂ္ဂိုလ်သုံးပါးရှိနေကြသည်။ ထို့ပြင် ဓမ္မဟောင်းကာလ ယဇ်ပုရောဟိတ်များအဖြစ် အာရုန်နှင့်သူ့သားများက ပေးရသည့်၊ ဣသရေလအမျိုးပေါ်မှာတင်ရသည့် ကောင်းချီးကို ယေရှုက အမှန်စင်စစ် ပဲ့တင်ရိုက်ခြင်း သို့မဟုတ် ရည်ညွှန်းခြင်း ပြုနေသည်။ ကျွန်ုပ်တို့နှင့် အလွန်အကျွမ်းဝင်သည့် "ထာဝရဘုရားသည် သင်တို့ကိုကောင်းချီးပေး၍ စောင့်ထိန်းတော်မူပါစေသော။ ထာဝရဘုရားသည် သင့်အပေါ် မျက်နှာတော်အလင်းကို ထွန်းလင်းစေ၍ ကရုဏာတော်သက်ရောက်ပါစေသော။ ထာဝရဘုရားသည် သင့်ဖက်သို့မျက်နှာတော်ကိုလှည့်၍ သင့်အား ငြိမ်သက်ခြင်းပေးတော်မူပါစေသော" ဟူသော ကောင်းချီးပေးချက်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ရလာဒ်အားဖြင့် တောလည်ရာ ၆ ၏ သုံးသပ်ချက်မှာ "ဤသို့ဖြင့် သူတို့သည် ဣသရေလအမျိုးသားတို့အပေါ် ငါ၏နာမတော်ကိုတည်စေ၍ ငါသည် သူတို့ကိုကောင်းချီးပေးမည်" ဆိုသည့် သုံးသပ်ချက်ဖြစ်သည်။ ကောင်းပါပြီ။ ကျွန်ုပ်တို့သည် ဘုရားသခင့်နာမတော်ကို ထည့်သွင်း၍ ယခုကိုယ်တော်နှင့် သက်ဆိုင်ပြီ ဖြစ်ကြောင်း ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်နာမ၌ အဆိုပြုကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝိညာဉ်တော်သည် အပြည့်အဝ ဘုရားဇာတိရှိကြောင်း၊ ခမည်းတော်၊ သားတော်တို့နှင့် တန်းတူညီမျှကြောင်း၊ အပြည့်အဝ ပုဂ္ဂိုလ်သဘာဝရှိကြောင်း၊ ခမည်းတော်နှင့် သားတော်ထက် မနိမ့်ကျကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ သို့မဟုတ် ၂ကော ၁၃ အဆုံးမှာရှိသည့် ပေါလု၏ "သခင်ယေရှုခရစ်၏ ကျေးဇူးတော်၊ ဘုရားသခင့်မေတ္တာတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယဖွဲ့ခြင်းတို့သည် ...." ဆိုသည့်ကောင်းချီးပေးချက်ကို ကြည့်ကြပါစို့။ တဖန် သားတော်၏ ဆက်ကပ်ပူဇော်မှုအားဖြင့် ကျွန်ုပ်တို့ထံပေးကမ်းထားပြီး ခမည်းတော် မေတ္တာ၏ တိုက်တွန်းမှုအောက်၌ ဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့် မိတ်ဖွဲ့ပေါင်းဖော်လျက်ရှိသည့်အတိုင်း ကျွန်ုပ်တို့၏ လက်တွေ့ဘဝထဲ ဝိညာဉ်တော်အားဖြင့် အကျုံးဝင်ပတ်သက်စေသည့် ကျေးဇူးတော်ဟူသော သုံးပါးတစ်လုံးတစ်ဝ ဘုရားသခင်၏ နာမတော်၌ ကောင်းချီးတစ်ပါး ရှိနေသည်။ သူသည် ကျွန်ုပ်တို့အတွက် ကျေးဇူးတော်၌ သားတော်ပြုပေးခဲ့ပြီးသည့်အမှုအား ကျွန်ုပ်တို့၏ စိတ်နှလုံးထဲမှာ ရှင်းလင်းဖော်ပြပေးသည်။ ၎င်းသည် ခမည်းတော်က ကျွန်ုပ်တို့အတွက် ချစ်ခြင်းမေတ္တာ၌ ရည်ရွယ်ထားပြီးသည့်အရာလည်း ဖြစ်သည်။

## ဒေါက်တာစတိဗ်မက်ကင်နီယန်

ဓမ္မသစ်တွင် ခရစ်ဝင်ကျမ်းများမှာသာမက ဩဝါဒစာများ၌ပါ အရေးပါသော သုံးပါးတစ်ဆူပုံသေနည်းများစွာပါရှိနေပြီး ခရစ်တော်၌ ဘုရားသခင်ပြုသောအမှုအား အဆိုပါ ဓမ္မသစ်စာရေးသူများ၊ တမန်တော်များ မည်သို့နားလည်ထားခဲ့သည်ကို ယင်းတို့က ကျွန်ုပ်တို့အား မြင်လွယ်စေသည်။ရှင်မဿဲခရစ်ဝင်အဆုံးတွင် လူမျိုးတကာထံသို့သွား၍ တပည့်တော်ဖြစ်စေဖို့ ယေရှုထံမှ မိန့်မှာချက်ရှိနေသည်။ သူတို့သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် နာမ၌ ဗတ္တိဇံကိုပေးရန်ဖြစ်ကြောင်း သူတို့အား ယေရှု ပြောဆိုချက်သည် အလွန်ပင် ပုံသေနည်းကျသည်။ ဘုရားသခင်၊ သားတော်နှင့် ဝိညာဉ်တော်တို့အကြောင်း သူ့ဩဝါဒစာများအတွင်း ပေါလု ပုံမှန်ပြောဆိုရာ၌လည်း ပုံသေနည်းကျ ဝေါဟာရများဖြင့် အလားတူ ပေါလု အစဉ် လုပ်ဆောင်လေ့ရှိသည်။ ကျွန်ုပ်တို့

ခရစ်ယာန်များ၊ ဓမ္မပညာရှင်များအား အဆိုပါပုံသေနည်းတို့က ထောက်ကူသည့်အရာမှာ ဘုရားသခင့်အမှုတော်အား သုံးပါးတစ်ဆူ လုပ်ဆောင်ချက်အဖြစ် ကျွန်ုပ်တို့ထံ တမန်တော်တို့ ဟောပြောနေကြောင်း၊ ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော် သုံးပါးလုံးသည် ဖန်ဆင်းခြင်း၌ အတူတကွ လုပ်ဆောင်ခဲ့ကြသည့်နည်းတူ ကယ်တင်ခြင်း၌လည်း ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်တို့ လုပ်ဆောင်ကြကြောင်း နားလည်စေခြင်းပင် ဖြစ်သည်။ သို့ဖြစ်ပါက ဝိညာဉ်တော်အကြောင်း ကျွန်ုပ်တို့ကို ဤအရာက ပြောပြသည်မှာ ဘုရားသခင့် စီမံခွဲခန့်မှုအတွင်း ဘုရားသခင့်အမှုတော်၌ အလွန်အရေးပါသောအခန်းမှ ကိုယ်တော် ပါဝင်နေသည် ဆိုသည့်အချက်ဖြစ်သည်။ ဖန်ဆင်းခြင်းအမှုကို ပြုမည့် အကြောင်း ဘုရားသခင် ဆုံးဖြတ်တော်မူသည့်အခါ ခမည်းတော်နှင့် သားတော်မျှသာမဟုတ်ပါ။ သာဓကေအားဖြင့် ကမ္ဘာဦးကျမ်းထဲမှာပင် ကျွန်ုပ်တို့တွေ့ရသည့် နက်နဲရာအရပ် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားနေသူသည် ဝိညာဉ်တော်ပင်ဖြစ်ပေသည်။ လူ့ဇာတိခံယူသည့်အဖြစ်တွင်လည်း သားတော်ကို စေလွှတ်သောခမည်းတော်၊ မိန်းမဝမ်းမှာ ဖွားမြင်ခံသော သားတော်တို့မျှသာမဟုတ်၊ မာရိ အပေါ်သက်ရောက်သောအားဖြင့် သူမအား ပဋိသန္ဓေစွဲစေသူ၊ သားဖွားစေသူသည် ဝိညာဉ်တော်ပင် ဖြစ်သည်။ ကားတိုင်ပေါ်မှာ မြောက်ခြင်းခံရသော ယေရှုကိုကြည့်ပါကလည်း သူ၏ ဝိညာဉ်တော်အား ကိုယ်တော်က ချီးမွမ်းထောမနာပြုနေပေသည်။ သူ၏ ဝိညာဉ်တော်ကို ကိုယ်တော် ပေးနေခြင်း၊ စွန့်နေခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါပုံသေနည်း ရှိသမျှတို့၌ လောကအား ကိုယ်တော်နှင့် ရန်ငြိမ်းရန်ခရစ်တော်၌ ဘုရားသခင်၏ လုပ်ဆောင်ချက်အနှစ်ချုပ်သည် ကျွန်ုပ်တို့မှာရှိနေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်းဘုရားသခင့်အမှုတော်များဖြစ်သည့် ဖန်ဆင်းခြင်း၊ ဗျာဒိတ်ဖွင့်လှစ်ဖော်ပြခြင်း၊ လူ့ဇာတိခံယူခြင်း၊ အဆုံးသတ်အားဖြင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့် အသစ်မွေးဖွားခြင်းတည်းဟူသော အရာရာတို့၌ တက်ကြွစွာပါဝင်လျက်ရှိသည်။

## ဒေါက်တာအူချေးအနီဇော

သန့်ရှင်းသောဝိညာဉ်တော်အား ခမည်းတော်၊ သားတော်တို့နှင့် အုပ်စုထဲအပါအဝင်ဖြစ်စေသည့် ဓမ္မသစ်တိုက်ရိုက်ဖော်ပြချက်များမှာ အလွန်နည်းပါးလွန်းလှသည်။ သာဓကတစ်ခုကို ၁ပေ ၁ ထဲမှာတွေ့ရသည်။ သို့သော် ကျွန်ုပ်တို့ ရှာတွေ့သည့် အရေးအပါဆုံးဖော်ပြချက်မှာ ကျွန်ုပ်အထင် မဿဲ ၂၈ ဖြစ်သည်။ ဤအရာသည် မဟာစေခိုင်းချက်ဖြစ်သည်။ "ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်နာမ" တည်းဟူသော ဧကဝုစ်ကိန်း

နာမတော်၌ ဗတ္တိဇံပေးရန် ယေရှု မိန့်မှာထားသည်။ သို့ဖြစ်သောကြောင့် ဧကဝုစ်ကိန်း နာမတော်၌ ကျွန်ုပ်တို့ ဗတ္တိဇံပေးကြသည့်အခါ ကျွန်ုပ်တို့လုပ်ဆောင်နေခြင်းသည် ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်တို့ထံ ဂုဏ်သိက္ခာတော် အပ်နှင်းနေခြင်းပင်ဖြစ်သည်။ သို့သော် ဝိညာဉ်တော်သည် ဘုရားသခင်မဟုတ်ခဲ့ပါက၊ သို့မဟုတ် ဝိညာဉ်တော်သည် တန်းတူညီမျှသည့် ပုဂ္ဂိုလ်တစ်ပါး မဟုတ်ခဲ့ပါက အသင်းတော်၏ရှေ့ခရီးနှင့်စပ်လျဉ်းပြီး ဗတ္တိဇံပေးနေဆဲအမှုသည်ငှင်း၊ ဘုရားမဟုတ်သော ပုဂ္ဂိုလ်ပါဝင်နေသည့် ဧကဝုစ်ကိန်းနာမတော်၌ လူတို့အား ဗတ္တိဇံပေးနေခြင်းတို့သည်ငှင်း ထူးဆန်းပုံရနေလိမ့်မည် ဖြစ်သည်။ သို့ဖြစ်သောကြောင့် မဿဲ ၂၈ ပါ ဗတ္တိဇံပုံသေနည်းအရ ဝိညာည်တော်အား ခမည်းတော်နှင့် သားတော်တို့နံဘေးတွင် လေးစားရိုသေမှုပေးထားသည်မှာ ယေရှုက ပညတ်ရိုးမှန်လျှင် မလျော်ကန်သည့်ကိစ္စ မဟုတ်ကြောင်း၊ မလျောက်ပတ်သည့်ကိစ္စ လုံးဝ မဟုတ်ကြောင်း၊ ဝိညာဉ်တော်ကို ဝတ်ပြုကိုးကွယ်ခြင်းသည် မအပ်စပ်သည့်အမှု မဟုတ်ကြောင်း ကျွန်ုပ်တို့ မှန်းဆနိုင်ပေသည်။ ထိုသို့ဖြစ်ပါက ဤအရာသည် ဘာကို ဆိုလိုပါသနည်း။ ဝိညာဉ်တော်သည် ဘုရားဖြစ်သည်ဟု ဆိုလိုပါသည်။ စင်ကြယ်သော ခရစ်ယာန် ဝိညာဉ်တော်ဗေဒဖြစ်လိုသော မည်သည့် သန့်ရှင်းသောဝိညာဉ်တော်ဗေဒမျိုးမဆို ခမည်းတော်နှင့် သားတော်တို့ကို ပေးထားသည့် တူညီသော ရိုသေလေးစားမှုမျိုးအား ဝိညာဉ်တော်ထံ ပေးအပ်ထားကြောင်း ဝန်ခံသိမှတ်ရန် လိုပါသည်။

## သိက္ခာတော်ရ ဒေါက်တာဆိုင်မွန်ဗီးဘာ့

သုံးပါးတစ်ဆူ ပုံသေနည်းများကို ရှင်းရှင်းပြောပြသည့် နေရာအနည်းဆုံး နှစ်နေရာ ကျမ်းစာထဲမှာတွေ့ရသည်။ ယင်းတို့က သန့်ရှင်းသောဝိညာဉ်တော်ဗေဒကို ကျွန်ုပ်တို့နားလည်စေရန် ကူညီပေးသည်။ ပထမဆုံးမှာ လောကီနိုင်ငံအနှံ့သို့သွား၍ လူမျိုးတကာကို ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်နာမ၌ ဗတ္တိဇံပေးရေး မိန့်မှာရာ မဟာစေခိုင်းချက်ဟု ခေါ်ဆိုကြသည့် ရှင်မဿဲခရစ်ဝင်ကျမ်းအဆုံးသတ် ဖြစ်ပါလိမ့်မည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်တစ်ပါးတည်း၌ ပုဂ္ဂိုလ်သုံးပါးတို့ ဘုရားသခင့် ဇာတိအဖြစ်တော်အတွင်း သုံးပါးတစ်ဆူအဖြစ် အတူတကွတန်းတူညီမျှစွာ ပေါင်းစည်းနေကြကြောင်း ထိုဗတ္တိဇံပုံသေနည်းက ရှင်းလင်းစွာ ညွှန်ပြသည်။ ထိုစေခိုင်းချက်၏ ရည်ရွယ်ချက်အကြောင်း ပိုမိုများပြားစွာ ပြောဆိုဖို့ ရှိပါသည်။ သို့သော် ၂ ကောရိန္သု အဆုံးရှိ "ကျေးဇူးတော်" ဟု ကျွန်ုပ်တို့သိကြသည့် ဆုတောင်းချက်သည်လည်း

နှလုံးသွင်းဖို့ ထိုက်တန်ပါလိမ့်မည်။ "သခင်ယေရှုခရစ်၏ ကျေးဇူးတော်၎င်း၊ ဘုရားသခင်၏ မေတ္တာတော်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ မိသဟာယတော်၎င်း၊ သင်တို့အပေါင်း၌ရှိစေသတည်း" (၂ ကောရိန္သု ၁၃:၁၄)။ တဖန် ထိုနေရာ၌ ဘုရားသခင့်ကျေးဇူးတော်၊သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်၊ သားတော်၏လုပ်ဆောင်ချက် ဆိုသည့် သုံးပါးတစ်ဆူ၏ ပုဂ္ဂိုလ်သုံးပါး ကျွန်ုပ်တို့မှာ ရှိနေပြန်သည်။ ပုဂ္ဂိုလ်သုံးပါးဖြင့် ဖွဲ့တည်အပ်သောဘုရားသခင် တစ်ဆူတည်းရှိကြောင်း ကျွန်ုပ်တို့အသေအချာ သိနားလည်ရေးအတွက် အားလုံး အတူတကွ လှုပ်ရှားလုပ်ဆောင်လျက် ရှိနေကြသည်။

# နိဂုံးချုပ်

ကျွန်ုပ်တို့၏ သုံးပါးတစ်ဆူမိတ်ဆက်အတွင်း ဘုရားသခင်၌ ဇာတိအနှစ်သာရ တစ်ခုတည်း ရှိသည်ဆိုသည့် ဘုရားသခင့်တစ်လုံးတစ်ဝဖြစ်မှုကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီးဖြစ်သည်။ ဘုရားသခင်သည် ဇာတိအနှစ်သာရတစ်ခုတည်း၌ ပုဂ္ဂိုလ်သုံးပါးအဖြစ်တည်ရှိသည်ဆိုသည့် ဘုရားသခင့် သုံးပါးဖြစ်ခြင်းကိုလည်း ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် ဘုရားသခင့် ဇာတိအဖြစ်တော်အတွင်း အဖွဲ့ဝင်ရှိသမျှတို့သည် သူတို့၏ ဂုဏ်အရည်အချင်းများနှင့် ထာဝရတည်တော်မူခြင်းတို့၌ တန်းတူညီမျှကြသည် ဆိုသည့် ဘုရားသခင့် တန်းတူညီမျှခြင်းကိုလည်း ကျွန်ုပ်တို့ ရှင်းလင်းခဲ့ကြပြီး ဖြစ်သည်။

ပုဂ္ဂိုလ်သုံးပါးအနေဖြင့် ထာဝရတည်နေတော်မူသော ဘုရားသခင်သည် တစ်ဆူတည်းသာ ရှိသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ဖြစ်ကြသည်။ သုံးပါးတစ်ဆူ၏ ပုဂ္ဂိုလ် တစ်ပါးချင်းစီသည်လည်းတန်ခိုးနှင့် ဘုန်းတော်၌ အပြည့်အဝ တန်းတူညီမျှမှု ရှိကြသည်။ "သုံးပါးတစ်ဆူ" ဆိုသည့် စကားလုံးကို ကျမ်းစာထဲ မည်သည့်အခါမျှ တွေ့ရမည်မဟုတ်ပါ။ သို့သော် ကျမ်းစာတလျှောက် ထိုသဘောအယူအဆ စိမ့်ဝင်ပျံ့နှံ့နေကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြပါသည်။ ဘုရားသခင်သည် သုံးပါးတစ်ဆူအဖြစ်၌ အစဉ်အမြဲ တည်တော်မူလျက်ရှိပါသည်။ အစဉ်အမြဲ တည်ရှိတော်မူနေမည်လည်း ဖြစ်ပါတော့သည်။